R - ၁၆၁

၈/၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

စာအမှတ်၊ ၃၈၈/ အသဖ(ထ)ရင်းနှီးမြှုပ်နှံမှု/၂၀၀၂။
ရက်စွဲ ၊ ၂၀၀၂ခုနှစ်၊ နိုဝင်ဘာလ(၂)ရက်။

အကြောင်းအရာ။ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၁၀-၂၀၀၂နေ့စွဲပါ စာအမှတ် - ရကာ-၁/မ-သဘောထား/၂၀၀၂(၃၀၆၃-၄)။

၁။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုလွှာများနှင့် ပတ်သက်၍ ရည်ညွှန်းစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံလာပါသည်။

၂။ နောက်ဆက်တွဲ(က)ပါ(၉)ဦးမှာလုပ်ငန်းသစ်များမဟုတ်ဘဲ တည်ဆောက်ပြီးလည်ပတ်နေသောစက်ရုံများဖြစ်၍ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲလျက်ရှိပါသည်။ ဆက်လက်ဓာတ်အားပေးနိုင်ပါသည်။

၃။ နောက်ဆက်တွဲ(ခ)ပါ လုပ်ငန်းသစ် (၂)ဦးအားလည်း ဓာတ်အားဆက်သွယ်ပေးနိုင်ပါကြောင်း ပြန်ကြားအစီရင်ခံ အပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(ဒေါက်တာစန်းဦး-အင်ဂျင်နီယာချုပ်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ကြေးနန်း:
တယ်လီဖုန်း:

စဉ်	ကုမ္ပဏီအမည်နှင့် အဆိုပြုသူအမည်	လုပ်ငန်းအမျိုးအစား	ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ	လျှပ်စစ်ဓာတ်အား လိုအပ်ချက်	လျှပ်စစ်ဓာတ်အား လက်ရှိသုံးစွဲနေမှု	မှတ်ချက်
၇။	မြန်မာသောင်စုပြည့်အဖွဲ့ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်။ ဦးခင်မောင်ကြိုင်	တစ်နေ့ တန်(၁၀၀)ကျရေခဲ စက်ရုံလုပ်ငန်း။	ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁)သစ်စက်ဝင်း၊ (သစ်တောရေးရာဝန်ကြီးဌာနပိုင်မြေ)	၃၀၀-ကီလိုဝပ်	၃၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၈။	ရတနာသိဂီ ဦးအိုက်ဘိ	အအေးခန်းစက်ရုံလုပ်ငန်း။	အမှတ်(၁၀၅/၁၁၁)အမရာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊မြောက်ဥက္ကလာပ မြို့နယ်၊ရန်ကုန်မြို့။(အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းလက်အောက်ရှိပလက်စတစ်စက်၏ အမှတ်(၁)ပိုင်မြေ။	၅၀၀-ကီလိုဝပ်	၂၀၀ကေဗွီအေထရန်စဖော်မာ (၁)သုံးတပ်ဆင်သုံးစွဲနေပါသည်။	
၉။	[illegible] လုပ်ငန်းကုမ္ပဏီလီမိတက် ဦး[illegible]	[illegible] လုပ်ငန်း။	ဒဂုံမြို့သစ်တောင်ပိုင်း၊စက်မှုဇုန်(၂) ပြည်သော်တာစုလမ်းမကြီး၊မြဘိုင်းရပ်ကွက် အမှတ်(၆၃)တိုး၊မြေကွက်အမှတ်-၂၇၁၁။	၂[illegible]-ကေဗွီအေ	[illegible] ကိုတမန်ပါ။ ရပ်ကွက်(...)ကေဗွီအေ ထရန်စဖော်မာတစ်ခုအားဆက်သွယ် သုံးစွဲပါသည်။ [illegible](၂၀/၆၀)အင်ပီယာမီတာ (မီတာအမှတ် XN-၁၇၉၁၄)ဖြင့် [illegible](၃၀)သုံးစွဲခွင့်ပြုထား ပါသည်။	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်။ ၁ / ၂၀၀ (ည) / ၅၁၀၀/ ၆၃၄
ရက်စွဲ ။၂၀၀၂ခုနှစ်၊မေလ (၂၇)ရက်၊

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်လည်တင်ပြခြင်း**

ရည်ညွှန်းချက်။ (၁)မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏(၁၂-၇-၂၀၀၀)ရက်စွဲပါစာအမှတ်၊
၁/၂၀၀(ည)/၅၁၀၀/၈၁၀
(၂)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂၂-၄-၂၀၀၂ရက်စွဲပါစာအမှတ်၊
ရက-၁/မ-၆၁၁/၂၀၀၂(၁၈၆-ခ)

၁။ ရတနာသိဂ်ီကုမ္ပဏီလီမိတက်သည်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁)ပိုင် ဧရိယာ(၁၀၆၂.၇၈)စတုရန်းမီတာ အကျယ်အဝန်းရှိမြေကွက်တွင် တန်(၁၀၀)ဆန့်အအေးခန်းစက်ရုံတည်ဆောက်ရန် အဆိုပြုခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ရည်ညွှန်းစာ(၁)ဖြင့် သဘောထားပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ရတနာသိဂ်ီကုမ္ပဏီလီမိတက်မှအဆိုပါစက်လည်ပတ်နေခြင်းနှင့်ပတ်သက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထပ်မံတင်ပြလာပါသဖြင့်၊ အဆိုပါမြေနေရာတွင် အအေးခန်းလုပ်ငန်းဆောင်ရွက်ရန်သင့်/မသင့်၊ လုပ်ငန်းမြေဧရိယာလုံလောက်မှုရှိ/မရှိ၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုရှိ/မရှိ၊ Waste Water Treatment ဆောင်ရွက်ထားရှိမှုစသည် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ/မရှိတို့ကို စိစစ်ပြီးမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းစာ(၂)ဖြင့် သဘောထားထပ်မံတောင်းခံထားပါသည်။

၃။ ရတနာသိဂ်ီကုမ္ပဏီလီမိတက်မှ စက်ရုံလည်ပတ်ရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ စိစစ်တွေ့ရှိသုံးသပ်ချက်အားအောက်ပါအတိုင်းပြန်လည်တင်ပြအပ်ပါသည်-

/၂။

(က) ရတနာသိဂ္ဂီကုမ္ပဏီလီမိတက်သည် တန်(၁၀၀)ဆန့် အအေးခန်းစက်ရုံအား စမ်းသပ်လည်ပတ်လျှက်ရှိကြောင်းစိစစ်တွေ့ရှိရပါသည်။

(ခ) ရတနာသိဂ္ဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့် အအေးခန်းစက်ရုံ တည်ဆောက်မည့်မြေနေရာသည် စက်မှုဇုန်အတွင်းဖြစ်ပြီး၊ အအေးခန်းစက်ရုံလုပ်ငန်း ဆောင်ရွက်သင့်သည့်မြေနေရာဖြစ်ပါသည်။

(ဂ) လုပ်ငန်းမြေဧရိယာနှင့်စပ်လျဉ်း၍တည်ဆောက်မည့်စက်ရုံမြေဧရိယာသည် (၃၀၆၂.၀၈) စတုရန်းမီတာရှိခြင်းကြောင့် လုံလောက်မှုရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ စက်ရုံအရှေ့ဘက်တွင် သံမဏိအရည်ကျိုစက်ရုံနှင့်အအေးခန်းစက်ရုံတည်ရှိခြင်း၊ အနောက်ဘက်တွင် ပလတ်စတစ်စက်ရုံ၊ တောင်ဘက်တွင် အထည်ချုပ်စက်ရုံနှင့်ရေခဲစက်၊ မြောက်ဘက်တွင်ပေ (၈၀၀)ကွာဝေးသည့် နေရာတွင် စာသင်ကျောင်းရှိခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်ပါ။

(င) စာသင်ကျောင်းအနေဖြင့်လည်း အဆိုပါအအေးခန်းစက်ရုံ တည်ဆောက်ခြင်းအားကန့်ကွက်မှုမရှိကြောင်းသိရှိရပါသည်။ ထို့အပြင်စာသင်ကျောင်းပတ်ဝန်းကျင်တွင်လည်းအနံ့အသက်မရှိစေရန် စက်ရုံမှ ထွက်ရှိသောရေဆိုးရေညစ်များစီးဆင်းနိုင်ရန်အတွက်ရေစီးရေလာကောင်းမွန်သည့်ကွန်ကရစ်ရေနုတ်မြောင်းဖောက်လုပ်ထားရှိပြီးရေနုတ်မြောင်းမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်း စီးဆင်းလျှက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(စ) Waste Water Treatment ဆောင်ရွက်ထားရှိမှုမှာ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပါသည်။

၃။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေနှင့်ရတနာသိဂ္ဂီကုမ္ပဏီလီမိတက်၏ အအေးခန်းစက်ရုံဆောင်ရွက်ရန်အဆိုပြုချက်အပေါ်ကန့်ကွက်ရန် မရှိပါကြောင်းနှင့် ခွင့်ပြု ဆောင်ရွက်စေသင့်ပါကြောင်းထပ်ဆင့်ထောက်ခံတင်ပြအပ်ပါသည်။

(signature)

ဝန်ကြီး (ကိုယ်စား)

(ကျော်လွင်၊ ညွှန်ကြားရေးမှူးချုပ်)

ပြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၄၈/ဒွဲ-၃/၂၀၀၁ (မ ၁၁၅၇)
ရက်စွဲ၊ ၂၀၀၁ခုနှစ် မေလ ၂ ရက်

သို့

ပြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလိုခြင်းကိစ္စ

ရည်ညွှန်းချက်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ၂၀၀၁ခုနှစ် ဇန်နဝါရီလ(၁၆)ရက်နေ့စွဲပါစာအမှတ်၊ ၇/၁၈(၁)(၈၈)/၂၀၀၁ (၃၁၇)

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းအနီးရှိပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင် ဧရိယာ(၃၀၆၂.၁၈)စတုရန်းမီတာ (၀.၇၆)ဧကကိုရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ရန်မြေငှားရမ်းမည့်ကိစ္စ အား မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောသားမှတ်ချက်ပေးပါရန် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည် ။

၂။ အဆိုပြုမြေကွက်သည် မြောက်ဥက္ကလာပ စက်မှုဇုန်အတွင်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံ အဝန်းအဝိုင်းမှဖြစ်ပြီး ပလပ်စတစ် စက်ရုံ မြေဧရိယာ (၄.၁၅၃)ဧက အနက်မှ (၀.၇၆)ဧက(၃၀၆၂.၁၈စတုရန်းမီတာ)ကို ငှားရမ်းရန်ဖြစ်ကြောင်းနှင့် ယင်းမြေပေါ်တွင် ၁၀၀'× ၂၀၀'အာရ်စီနှစ်ထပ်အဆောက်အအုံဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည် ။

၃။ အဆိုပြုမြေနေရာ၏ အရှေ့ဘက်တွင်ပေဖယ္ဘာလမ်း၊ အနောက်ဘက်တွင်အထည်ချုပ်လုပ်ငန်း ဆောင်ရွက်နေသော မြေကွက်အမှတ်(၁၁၂)၊ တောင်ဘက်တွင် အမယာလမ်းနှင့် မြောက်ဘက်တွင်ပလပ်စတစ် စက်ရုံအမှတ်(၁)ကို တည်ရှိကြောင်းလည်းသိရှိရပါသည် ။

၄။ အဆိုပြုမြေနေရာ၌ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှတန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး၊ စွန့်ပစ်ရေများကိုအနယ်စစ်ဇကာများ၊ အနယ် ထိုင်ကန်များ (Oxidation Tank) များဖြင့် စနစ်တကျသန့်စင်စေပြီးမှ စွန့်ပစ်သွားမည့်အစီအစဉ်များထားရှိ ဆောင်ရွက်မည်ဖြစ်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနမှလည်း ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ငါးလုပ်ငန်းဦးစီး မှလည်း စက်ရုံလည်ပတ်ခွင့်ပြုထားပြီး ဖြစ်ကြောင်းသိရှိရပါသည်။

၅။ သို့ပါ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ပလပ်စတစ်စက်ရုံ အမှတ်(၁)ပိုင်မြေ ဧရိယာအဝန်းအဝိုင်းအတွင်းမှ မြေကွက်ပေါ်တွင် ရဝာနာသီဂိကုမ္ပဏီလီမိတက်မှ တန် (၁၀၀)ဆန့် အအေးခန်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအား ခွင့်ပြုပေးနိုင်ပါရန် လောက်ခံတင်ပြ အပ်ပါသည် ။

ဝန်ကြီး(ကိုယ်စား)
(ဟင်းဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို

- အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ပန်ကြားမှုး ။
- ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

-/အိ**

R.၁၁၉

20/2

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

၅၃၇
30/7

စာအမှတ်၊ ၂၅/၁၈ဘန (ငှားရမ်း)(၂၀၀၃-၂၀၀၄)(၅၁၈)
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

အကြောင်းအရာ။ ရတနာသီရိကုမ္ပဏီလီမိတက်မှ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိ ပလတ်စတစ်စက်ရုံအမှတ် (၁) ပိုင်မြေကွက်ငှားရမ်း၍ အအေးခန်းတည်ဆောက်ရန် အမှာစာတင်ပြခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁) ပိုင်မြေကွက်ငှားရမ်း၍ အအေးခန်းတည်ဆောက်ရန်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၄-၇-၂၀၀၃ ရက်နေ့တွင်ကျင်းပသည့် ကုန်သွယ်ရေးမူဝါဒ ကော်မတီသို့ တင်ပြအတည်ပြုပြီး ဖြစ်ပါသည်။

၂။ ယခုအခါဆက်လက်၍ အစိုးရအဖွဲ့အစည်းအဝေးသို့ဆက်လက်တင်ပြနိုင်ရေး အတွက်အမှာစာအားပူးတွဲပေးပို့ပါသည်။

ပူးတွဲ။ နောက်ဆက်တွဲအဆိုပြုလွှာ - ၂၂ စောင်

① Cabinet ...
②

ဝန်ကြီး ( )
မြင့်ဆွေ - ရုံးအဖွဲ့မှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

30/7/03

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၃၆၁/၂၀၀၃ (၁၀၃၄-က) ။
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက် (Yadanar Theingi Co., Ltd.) မှ တန်(၁၀၀)ဆန့် အအေးခန်း စက်ရုံ လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက် (Yadanar Theingi Co., Ltd.) မှ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းပိုင်၊ အမှတ် (၁) ပလတ်စတစ် စက်ရုံ မြေကို ငှားရမ်း၍ တန်(၁၀၀)ဆန့် အအေးခန်းစက်ရုံ လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၆-၂-၂၀၀၃)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၀၃) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ တင်ပြလာသဖြင့်(၁၇-၇-၂၀၀၃)နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၂၂/၂၀၀၃) အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ မူအားဖြင့် သဘောတူပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်နှင့် B.O.T စနစ်ဖြင့် မြေငှားသဘောတူ စာချုပ်တို့ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ စုစုပေါင်း ကျပ်(၁၃၄.၂၅)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းများကို ပြည်တွင်းမှ ဝယ်ယူအသုံးပြုပါသည်။

၃။ ယင်းလုပ်ငန်းကို အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းပိုင် အမှတ် (၁) ပလတ်စတစ်စက်ရုံမြေ ဖြစ်သည့် အမှတ် (၁၀၅/၁၁၁)၊ အင်းယားလမ်း၊ စက်မှု လက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေ(၀.၇၆)ဧက (၃၀၆၂.၀၈ စတုရန်းမီတာ) ကို ငှားရမ်း၍ လုပ်ငန်း ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ အမှတ် (၁) စက်မှု ဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းပိုင်၊ အမှတ် (၁) ပလတ်စတစ် စက်ရုံနှင့် ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက်တို့ ချုပ်ဆိုထားသည့် B.O.T စနစ်ဖြင့် မြေငှား သဘောတူ စာချုပ်ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြေငှားရမ်းကာလမှာ အဆောက်အဦများ ဆောက်လုပ်ပြီးစီးသည့် နေ့မှစ၍ ကနဦး (၅)နှစ် နှင့် နောက်ထပ် (၅)နှစ်စီ (၃)ကြိမ် ဖြင့် စုစုပေါင်း (၂၀)နှစ်ဖြစ်ပါသည်၊

(ခ) ငှားရမ်းကာလ ကုန်ဆုံးသည့်အခါ ငှားရမ်းသည့် မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ တို့ကို အမှတ် (၁) ပလတ်စတစ်စက်ရုံသို့ အဖိုးစားနားမဲ့ ပြန်လည်လွှဲပြောင်း ပေးအပ် ရမည် ဖြစ်ပါသည်၊

(ဂ) မြေငှားရမ်းခနှုန်းမှာ တစ်နှစ်လျှင် ကျပ် (၁.၄၀)သန်း ဖြစ်ပြီး ငှားရမ်းကာလ (၁)နှစ် ကုန်ဆုံး ပြီးတိုင်း ငှားရမ်းခကို ပြန်လည်ညှိနှိုင်း သတ်မှတ်ရာတွင် ယခင် တစ်ဆက်တည်း ငှားရမ်းခ၏ (၈)ရာခိုင်နှုန်းထက် မပိုစေရပါ။

(ဃ) တစ်နှစ်စာငှားရမ်းခကို (၃)လတစ်ကြိမ် အရစ်ကျ ပေးချေရမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကျပ် ၃၅၀၀၀၀/- (ကျပ်သုံးသိန်း ငါးသောင်းတိတိ) နှုန်းဖြင့် ပေးချေရန် ကျရောက်သည့် လ၏ လဆန်း (၃)ရက်နေ့ထက် နောက်မကျစေဘဲ ပေးသွင်းရမည် ဖြစ်ပါသည်။ ငှါးရမ်းခရငွေ အားလုံး နိုင်ငံတော်သို့ ပေးသွင်းမည် ဖြစ်ပါသည်။

၅။ လုပ်ငန်းမှ ထုတ်လုပ်သော ငါး၊ ပုစွန်များကို (၁၀၀) ရာခိုင်နှုန်း ပြည်ပသို့တင်ပို့မည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (မက်ထရစ်တန်)	ဝန်ဆောင်မှု (မက်ထရစ်တန်)
၁။	ငါး	၂၁၆၀	၃၂၄၀
၂။	ပုစွန်	၁၀၈	၅၄၀

၆။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေခွန်	အမေရိကန်ဒေါ်လာ	၀.၄၂ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	အမေရိကန်ဒေါ်လာ	၀.၃၄ သန်း
(ဂ)	မြေငှားရမ်းခရငွေ	ကျပ်	၁.၄၀ သန်း

၇။ လုပ်ငန်းကိုဆောင်ရွက်ရန်အတွက် ပြည်တွင်းမှဝန်ထမ်း(၇၅)ဦးနှင့် ပြည်ပမှ ဝန်ထမ်း(၁)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းအဆိုပြုစက်ရုံမှာ လျှပ်စစ်ဓါတ်အား သုံးစွဲလျက်ရှိပါကြောင်းနှင့် ဓါတ်အားဆက်လက်ပေး နိုင်ပါကြောင်း မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်းမှ သဘောထားပြန်ကြားလာပါသည်။

၉။ ယင်းလုပ်ငန်းအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထား ပြန်ကြားစာတွင် Waste Water Treatment ဆောင်ရွက်ထားမှုမှာ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိကြောင်း၊ အဆိုပြုချက် အပေါ် ကန့်ကွက်ရန် မရှိကြောင်းနှင့် ခွင့်ပြုဆောင်ရွက်စေသင့်ပါကြောင်း ဖော်ပြထားပါသည်။

၁၀။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သဘောထားတွင် အအေးခန်းစက်ရုံလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး၊ စွန့်ပစ်ရေများကို အနယ်စစ်ဇကာများ၊ အနည်ထိုင်ကန်များဖြင့် စနစ် တကျ သန့်စင်စေပြီးမှ စွန့်ပစ်သွားမည့် အစီအစဉ်များထားရှိ ဆောင်ရွက်မည်ဖြစ်ပြီး အမှတ် (၁) စက်မှု ဝန်ကြီးဌာနမှလည်း ကန့်ကွက်ရန် မရှိပါကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှလည်း စက်ရုံလည်ပတ်ခွင့်ပြု ထားပြီးဖြစ်၍ လုပ်ငန်းဆောင်ရွက်ခွင့်အား ခွင့်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြကြောင်း ပြန်ကြားလာပါ သည်။

၁၁။ ယင်းလုပ်ငန်း၏ ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ရှိ ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက်၏ (၁၂-၆-၂၀၀၃)နေ့ရှိ ဘဏ်လက်ကျန်မှာ ကျပ်(၈၂.၂၁)သန်း ရှိကြောင်း တင်ပြထားပါသည်။

၁၂။ ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် စက်ရုံမှ စွန့်ပစ်သော ရေများ ကို ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန်အတွက် Waste Water Treatment စနစ်ထားရှိ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိများ ပြုထားပါသည်။

၁၃။ ကုမ္ပဏီမှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်း လွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားဖြစ်လုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ် ခဲ့ပါသည်။

၁၄။ <u>ဆုံးဖြတ်ရန်အချက်</u>။

(က) ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက် (Yadanar Theingi Co., Ltd.) မှ အမှတ် (၁) စက်မှု ဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းပိုင်၊ အမှတ် (၁) ပလတ်စတစ် စက်ရုံ မြေကိုငှားရမ်း၍ တန်(၁၀၀)ဆန့် အအေးခန်းစက်ရုံလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြု တင်ပြ ခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

၁၅။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။

R. ၇၆၀ / ၂၉/၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၅/၁ စဘန (ငှားရမ်း)(၂၀၀၃-၂၀၀၄)(သဖြ)

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဧပြီ လ ၂၁ ရက်။

အကြောင်းအရာ။ ရတနာ့သိင်္ဂီကုမ္ပဏီလီမိတက်မှ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁) ပိုင်မြေကို ငှားရမ်း၍ အအေးခန်းတည်ဆောက်ရန်အတွက် အဆိုပြုတင်ပြခြင်းကိစ္စ

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁) ပိုင်မြေကိုငှားရမ်း၍ အအေးခန်းတည်ဆောက်ရန်အတွက်ကုန်သွယ်မှုမူဝါဒကောင်စီသို့တင်ပြမည့်အမှာစာ(၂၅) စောင်အား ပူးတွဲပေးပို့ပါသည်။

၂၁/၄/၂၀၀၃

ဝန်ကြီး ( )
မြင့်ဆွေ၊ ရုံးအဖွဲ့မှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

MIC TC

DD(C)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ်(၁)စက်မှုဝန်ကြီးဌာန

စာအမှတ်၊၂၅/၁စဘန(ငှားရမ်း)၂၀၀၃-၂၀၀၄(၁၆၄)
ရက်စွဲ၊ ၂၀၀၃ခုနှစ်၊ ဧပြီလ(၂၁)ရက်။

အစီအစဉ်(   )

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကုန်သွယ်မှုမူဝါဒကောင်စီသို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ရတနာသီဂီကုမ္ပဏီလီမိတက်မှ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံ အမှတ်(၁)ပိုင်မြေကို ငှားရမ်း၍ အအေးခန်းတည်ဆောက်ရန်အတွက် အဆိုပြုတင်ပြခြင်းကိစ္စ

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေကွက်(၃၀၆၂.၀၈)စတုရန်းမီတာအား ရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ရန်အတွက် တစ်နှစ်ငှားရမ်းခ ကျပ်(၁၄၀၀၀၀၀)ဖြင့်(၅)နှစ်ငှားရမ်းပြီး ငှားရမ်းကာလတစ်နှစ်ကုန်ဆုံးတိုင်း တစ်နှစ်တစ်ကြိမ်ငှားရမ်းခကို ညှိနှိုင်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါငှားရမ်းမှုနှင့်ပတ်သက်၍မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၈-၆-၂၀၀၁ နေ့တွင် ကျင်းပသည့်(၂၁/၂၀၀၁)အစည်းအဝေးဆုံးဖြတ်ချက်အရ Built Operate & Transfer (B.O.T) စနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ ငှားရမ်းမှုသက်တမ်းကို ကနဦး(၅)နှစ်ထားရှိပြီး နောက်ထပ်(၅)နှစ်စီ(၃)ကြိမ်ဖြင့် စုစုပေါင်း(၂၀)နှစ်သတ်မှတ်ထားပါသည်။ မြေငှားရမ်းဆောက်လုပ်သူသည် ငှားရမ်းကာလ(၂၀)နှစ်ပြည့်သည့်အခါ ယင်းမြေပေါ်ရှိအဆောက်အဦးတို့ကို အငှားချထားသူထံသို့အဖိုးစားနားမဲ့ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ မြေငှားရမ်းခအားလုံးကို နိုင်ငံတော်သို့ပေးသွင်းမည်ဖြစ်ပါသည်။

၃။ ရတနာသီဂီကုမ္ပဏီလီမိတက်သည် အအေးခန်းစက်ရုံကိုတည်ထောင်ပြီး ငါး၊ ပုဇွန်များကို ပြည်တွင်းမှဝယ်ယူ၍ ကုန်ချောအဖြစ်ထုတ်လုပ်ပြုပြင်အေးခဲထားသော ငါး၊ ပုဇွန်များကို

ပြည်တွင်း၊ ပြည်ပသို့တင်ပို့ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါတန်(၁၀၀)ဆန့် အအေးခန်းစက်ရုံ တည်ထောင်ဆောင်ရွက်ရာတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ်(၁၃၂.၆၇၃)သန်းခန့်ကုန်ကျမည် ဖြစ်ပါသည်။

၄။ ငါး၊ ပုဇွန်များကို ခေတ်မီနည်းပညာများဖြင့် ပြုပြင်အေးခဲထုပ်ပိုးပြီး ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်သစ်များ ပိုမိုရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်အခများရရှိစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေနိုင်သည့် လုပ်ငန်းဖြစ်ပါသည်။

၅။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၆-၂-၂၀၀၃) နေ့တွင် ကျင်းပသည့်(၄/၂၀၀၃)အစည်းအဝေးမှ " အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး ကုန်သွယ်မှုမူဝါဒကောင်စီသို့ တင်ပြလမ်းညွှန်မှုခံယူရန်" ဆုံးဖြတ်ခဲ့ပါသည်။

၆။ <u>ဆုံးဖြတ်ရန်အချက်</u>။ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေကို ရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့် အအေးခန်း တည်ဆောက်ရန်အတွက် Built Operate & Transfer(B.O.T)စနစ်ဖြင့် ဆောင်ရွက်ရန်နှင့် တစ်နှစ်ငှားရမ်းခ ကျပ်(၁၄၀၀၀၀၀)ဖြင့်(၅)နှစ်ငှားရမ်းပြီး ငှားရမ်းကာလ တစ်နှစ်ကုန်ဆုံးတိုင်း တစ်နှစ်တစ်ကြိမ်ငှားရမ်းခကို ညှိနှိုင်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စအားအတည်ပြု ပေးရန်ဖြစ်ပါသည်။

၇။ <u>အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထောက်ခံချက်</u>။ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေကို ရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့် အအေးခန်း တည်ဆောက်ရန်အတွက် Built Operate & Transfer(B.O.T) စနစ်ဖြင့် ဆောင်ရွက်ရန်နှင့်တစ်နှစ်ငှားရမ်းခ ကျပ်(၁၄၀၀၀၀၀)ဖြင့် (၅)နှစ်ငှားရမ်းပြီး ငှားရမ်းကာလ တစ်နှစ်ကုန်ဆုံးတိုင်း တစ်နှစ်တစ်ကြိမ်ငှားရမ်းခကို ညှိနှိုင်းဆောင်ရွက်ခွင့်ပြုရန် ထောက်ခံတင်ပြအပ်ပါသည်။

(signature)

အောင်သောင်း
ဝန်ကြီး

<u>ပြည်ထောင်စုမြန်မာနိုင်ငံတော်</u>
<u>ကုန်သွယ်မှုမူဝါဒကောင်စီ</u>

R - ၃၂၆
၂၀၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

စာအမှတ် ၂၅/၁၀ဘန(ဌာနရမ်း)(၂၀၀၃-၂၀၀၄)(...
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ မေ လ ၂၁ ရက်။

အကြောင်းအရာ။ ဂျပန် ဘသိကို ကူမှုကီလီမိတက်မှ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁) ပိုင်မြေကွက်ငှားရမ်း၍ အအေးခန်းတည်ဆောက်ရန်အတွက်အဆိုပြုလွှာတင်ပြခြင်းကိစ္စ

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁) ပိုင်မြေကွက်ငှားရမ်း၍အအေးခန်းတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် ကုန်သွယ်မှုမူဝါဒကောင်စီသို့ဆက်လက်တင်ပြနိုင်ရန်အမှာစာ(နောက်ဆက်တွဲအဆိုပြုလွှာ) (၂၅) စောင်အားပူးတွဲပေးပို့ပါသည်။

၂၁/၅/၂၀၀၃

ဝန်ကြီး ( )
မြင့်ဆွေ၊ ဝိုးအဖွဲ့မှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

22/5/03

ဘဘ (ပ) ၂၂/၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၈-ရာ / ၂၀၀၃ (၂၄)
ရက်စွဲ၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ Yadana Theingi Co, Ltd. ကပြည်တွင်းမှဝယ်ယူသော စက်ပစ္စည်းများ ကိစ္စ

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၄-၆-၂၀၀၃ ရက်စွဲပါ စာအမှတ်၊ ၇က-၇/မ-၆၁၁/၂၀၀၃ (၁၂၁၁)

၁။ အထက်ရည်ညွှန်းစာအရ Yadana Theingi Co, Ltd. သည် Good Brother Ltd.၏ ID No. 111118 date 7-6-2000 ဖြင့်ပြည်ပမှတင်သွင်းခဲ့သော စက်ပစ္စည်းများကို ဝယ်ယူခဲ့ပါသည်။ အထက်ပါ ID No. ဖြင့်တင်သွင်းခဲ့သော စက်ပစ္စည်းများအတွက် အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန် ၆၇၁၂၅ ကျပ်၊ ကုန်သွယ်လုပ်ငန်းခွန် ၁၃၅၅၉၃ ကျပ် ပေးဆောင်ထားပြီးဖြစ်ကြောင်းပြန်ကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
သန်းညွှန့်၊ ညွှန်ကြားရေးမှူး

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
☎ တယ်လီဖုန်း - ၃၇၂၈၉၀

စာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၃(၁၂၁၂)
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဇွန် လ ၂၄ ရက်

အကြောင်းအရာ။ ။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက် (Yadana Theingi Co.,Ltd.) မှ အအေးခန်းစက်ရုံလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ (၃-၁၂-၂၀၀၂) ရက်စွဲပါစာအမှတ်၊ ၁၄၁၁/စမ-၁/(၁)(၁၀)/၂၀၀၂(၁၂၂၇၇)။

၁။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက် (Yadana Theingi Co., Ltd.) - မှ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁) ပိုင် မြေကွက်ကို ငှားရမ်း၍ တန်(၁၀၀) ဆန့်အအေးခန်း စက်ရုံလုပ်ငန်း ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ရည်ညွှန်းချက်ပါစာဖြင့်တင်ပြလာပါသည်။

၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သော စက်ပစ္စည်းများကို ပြည်တွင်းကုမ္ပဏီဖြစ်သော ဂွတ်စ်ဘရားသားကုမ္ပဏီလီမိတက်မှ ဝယ်ယူပြီး ဖြစ်ကြောင်း တင်ပြထားပါသည်။ အဆိုပါစက်ပစ္စည်းကို နိုင်ငံခြားမှ တင်သွင်းခဲ့သည့်အထောက်အထားများကိုလည်း ပူးတွဲတင်ပြထားပါသည်။

၃။ သို့ပါ၍ ဂွတ်စ်ဘရားသားကုမ္ပဏီလီမိတက်အနေဖြင့် စက်ပစ္စည်းများ တင်သွင်းခဲ့ရာတွင် သွင်းကုန်လိုင်စင်နှင့်အတူ ပို့ကုန်မှရရှိသော ဝင်ငွေများ ဖြစ်ကြောင်း အထောက်အထား တင်ပြ၍ တင်သွင်းခဲ့ခြင်း ဟုတ်-မဟုတ် စီစစ်ပြန်ကြားပေးပါရန် ညှိနှိုင်း မေတ္တာရပ်ခံအပ်ပါသည်။

<u>ပူးတွဲ</u> - စက်ပစ္စည်းများ တင်သွင်းခဲ့သည့်အထောက်အထား စာရွက်စာတ
များ

ဦး??ကြီး

ဥက္ကဋ္ဌ (ကိုယ်စား)
(ဗိုလ်မှူးကြီး လင်းဆောင်၊ အထူးအရာရှိ)

<u>ညွှန်ကြားရေးမှူးချုပ်</u>
<u>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။</u>

မိတ္တူ - (၁) ဝန်ကြီးရုံး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး
ဌာန။
(၂) ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန။

* အေး *

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်။

တယ်လီဖုန်း - ၃၇၂၈၉၀

စာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၃(၁၂၁)
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဇွန် လ ၂၄ ရက်

အကြောင်းအရာ။ ။ <u>ရတနာသိင်္ဂီကုမ္ပဏီလီမိတက် (Yadana Theingi Co.,Ltd.) မှ အအေးခန်းစက်ရုံလုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ (၃-၁၂-၂၀၀၂) ရက်စွဲပါစာအမှတ်၊ ၁၄၁၁/စ.မ-၁(၁)(၁၀)/၂၀၀၂(၁၂၂၅၅)။

၁။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက် (Yadana Theingi Co., Ltd.) မှ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁) ပိုင်မြေကွက်ကို ငှားရမ်း၍ တန်(၁၀) ဆန့် အအေးခန်းစက်ရုံလုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ရည်ညွှန်းချက်ပါစာဖြင့်တင်ပြလာပါသည်။

၂။ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်ရ ေ သောစက်ပ း မ ား ကိုပြည် ပွ း ကုမ္ပဏီဖြစ်သော ဘရားသား ကုမ္ပဏီလီမိ က်မှဝယ်ယူပြီး ဖြစ်ကြောင်း တင်ပြထား ပါသည်။ အဆိုပါစက်ပစ္စ း များကို နိုင်ငံခြားမှတင်သွင်းခဲ့သည့် အထောက်အထားများကိုလည်း ပူးတွဲ င်ပြထားပါသည်။

၃။ သို့ပါ၍ ကော်မ ှင်အနေဖြင့်ရည်ညွှန်းချက်ပါ ဆိုပြုလွှာကိုဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်တင်သွင်းခဲ့ပြီးဖြစ်သည့်စက်ပစ္စည်းများနှင့် စပ်လျဉ်း၍သတ်မှတ်ထားသည့်အခွန်အခများ ပေးဆောင်ပြီးခြင်း ရှိ-မရှိ နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ်(၁)စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၅/၁စဘန(၂၀၀၂-၂၀၀၃)( )

ရက်စွဲ၊ ၂၀၀၂ခုနှစ်၊ ဇူလိုင်လ( )ရက်။

အကြောင်းအရာ။ ရတနာသီဂီကုမ္ပဏီလီမိတက်မှတန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ရန် မြေငှားရမ်းခြင်းကိစ္စ

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁)ပိုင် မြေကွက်(၃၀၆၂.၀၈)စတုရန်းမီတာအား ရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ရန်အတွက် တစ်နှစ်ငှားရမ်းခကျပ်(၁၄၀၀၀၀၀)ဖြင့် (၅)နှစ်ငှားရမ်းပြီး ငှားရမ်းကာလတစ်နှစ်ကုန်ဆုံးတိုင်း တစ်နှစ်တစ်ကြိမ်ငှားရမ်းခကို ညှိနှိုင်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅-၄-၂၀၀၂ရက်စွဲပါ စာအမှတ်-ရက-၁/မ-၆၁၁/၂၀၀၂(၂၁၆-ဂ)ဖြင့် အောက်ဖော်ပြပါအချက်များအား ရှင်းလင်းဖော်ပြရန်လိုအပ်ကြောင်း အကြောင်းကြားလာပါသည်-

(က) စက်များစတင်စမ်းသပ်လည်ပတ်နေကြောင်း ဖော်ပြထား၍ စက်ပစ္စည်းများတင်သွင်းပြီးစီးမှုအခြေအနေကို သွင်းကုန်လိုင်စင်/သွင်းကုန်ကြေငြာလွှာများ ကိုးကား၍ ဖော်ပြပေးပါရန်၊

(ခ) ရတနာသီဂီကုမ္ပဏီလီမိတက်သည် စက်ပစ္စည်းကိရိယာတန်ဖိုး US$(၁၃၄၀၀၀)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Corporation မှ Deferred Payment Loan Agreement on the Basic of Buy - Back System ဖြင့်ဝယ်ယူမည်ဖြစ်ကြောင်း အဆိုပြုချက် (Proposal)တွင် ဖော်ပြထားပါသည်။ ယခုအခါအထက်အဖွဲ့အစည်းများ၏လမ်းညွှန်ချက်အရ ကော်မရှင်အနေဖြင့် Deferred Payment စနစ်ဖြင့် စက်ပစ္စည်းများတင်သွင်းခြင်းကို ခွင့်မပြုတော့ပါ။ သို့သော်စက်ပစ္စည်းများကို ပြည်တွင်းမှဝယ်ယူ၍ ဆောင်ရွက်ခြင်း၊သို့မဟုတ် ကိုယ်ပိုင်နိုင်ငံခြားငွေ F.E Earning ဖြင့် ပြည်ပမှတင်သွင်းခြင်း စသည့်နည်းလမ်းများဖြင့်လုပ်ငန်းဆောင်ရွက်နိုင်ပါသဖြင့် အဆိုပြုလွှာအား လိုအပ်သလိုပြင်ဆင်၍ပြန်လည်တင်ပြပေးပါရန်၊

(ဂ) မြေအသုံးချမှု ပရီမီယံကြေး(LUP)ကို နိုင်ငံတော်သို့ပေးသွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းပါရှိသော်လည်း ငွေပမာဏနှင့်မည်ကဲ့သို့ပေးချေမည့်အစီအစဉ်ကို BOTစာချုပ်(မူကြမ်း)တွင် ဖော်ပြပေးပါရန်။

[C:\ PM65\ MAW. p65]

၃။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအနေဖြင့် ရတနာသီဂီကုမ္ပဏီလီမိတက်နှင့်ဆက်သွယ်ညှိနှိုင်းပြီး ကုမ္ပဏီမှတင်ပြသည့် အထောက်အထားများအရ အောက်ပါအတိုင်း ပြန်လည်တင်ပြအပ်ပါသည်–

(က) အအေးခန်းလုပ်ငန်းသုံးစက်ပစ္စည်းများအား ဂွတ်ဘရားသားကုမ္ပဏီလီမိတက်မှသွင်းကုန်လိုင်စင်အမှတ်၊ L 2-99/2000-6249 အရ US$ 78747.67 တန်ဖိုးဖြင့် CHANGHAI GROUP IMPORT & EXPORT CO.LTD မှတင်သွင်းခဲ့ပါသည်။ (နောက်ဆက်တွဲ–က)

(ခ) ဖော်ပြပါစက်ပစ္စည်းများအား ရတနာသီဂီကုမ္ပဏီလီမိတက်သည် ၁၆–၇–၉၉ရက်စွဲပါ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဂွတ်ဘရားသားကုမ္ပဏီလီမိတက်မှဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။(နောက်ဆက်တွဲ–ခ)

(ဂ) ရတနာသီဂီကုမ္ပဏီလီမိတက်အနေဖြင့် မူလအဆိုပြုချက်တွင် စက်ပစ္စည်းကိရိယာ တန်ဖိုး US$(134000) အား YUNNAN MACHINERY & EQUIPMENT IMPORT & EXPORT CORPORATION မှတင်သွင်းမည်ဖြစ်ကြောင်း တင်ပြခဲ့သော်လည်း အထက်အပိုဒ်(ခ)ပါ ဂွတ်ဘရားသားကုမ္ပဏီလီမိတက်မှ စာချုပ်အရ သွင်းကုန်လိုင်စင်ပါတန်ဖိုး မြန်မာကျပ်ငွေ(၂၂၀၄၉၃၄၇)(ကျပ် နှစ်ရာနှစ်ဆယ်သိန်း လေးသောင်းကိုးထောင် သုံးရာလေးဆယ့်ခုနစ်)ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

(ဃ) မြေအသုံးချမှုပရီမီယံကြေး LUP နှင့်ပတ်သက်၍ ရတနာသီဂီကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနသို့ နှစ်စဉ်ရာဖြတ်နှုန်းအရ ၂၀၀၁–၂၀၀၂ခုနှစ် အတွက် ကျပ်(၃၀၀၀၀)ကိုလည်းကောင်း၊ ၂၀၀၂–၂၀၀၃ခုနှစ် အတွက် ကျပ်(၅၀၀၀၀)ကိုလည်းကောင်းပေးသွင်းလျက်ရှိကြောင်း သိရှိရပါသည်။ (နောက်ဆက်တွဲ–ဂ)

၄။ သို့ဖြစ်ပါ၍ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလတ်စတစ်စက်ရုံ အမှတ်(၁)ပိုင် မြေကွက်(၃၀၆၂.၀၈)စတုရန်းမီတာအား ရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ရန်အတွက် မြေငှားရမ်းခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

ဝန်ကြီး( )
တင်လှိုင်၊ ညွှန်ကြားရေးမှူးချုပ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူကို – ရုံးအဖွဲ့မှူး
အမှတ်(၁)စက်မှုဝန်ကြီးဌာန
– ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
– မျှောစာတွဲ ၊ ရုံးလက်ခံ။

BUILD , OPERATE & TRANSFER

မြေငှါးရမ်းခြင်းသဘောတူစာချုပ်

ဤမြေငှါးရမ်းခြင်း သဘောတူစာချုပ်ကို ၂၀၀၂ခုနှစ်၊------------( )ရက်နေ့တွင် ရန်ကုန်မြို့၌ မြောက်ဥက္ကလာပမြို့နယ်၊အမှတ်(၁)ပလတ်စတစ်စက်ရုံဌာနဆိုင်ရာ ကိုယ်စားစက်ရုံမှူးဒေါ်ခင်မော်မော် (နောင်တွင် အငှါးချထားသူ ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင်၎င်း၏ဌာနဆိုင်ရာ ဆက်ခံသူများနှင့်ဥပဒေနှင့် အညီ လွှဲအပ်ခြင်းခံရသူများပါဝင်သည်) က တစ်ဖက်----

နှင့်

ရန်ကုန်မြို့၊ရွှေတိဂုံဘုရားလမ်း၊ (၂၈၆)မြေညီထပ်ရှိရတနာ့သိင်္ဂီကုမ္ပဏီလီမိတက် ကိုယ်စားအုပ်ချုပ်မှု ဒါရိုက်တာ ဦးအိုက်ရီ(နောင်တွင် အငှါးချထားခြင်းခံရသူ ဟုခေါ်ဆိုရမည်ဖြစ်ပြီးယင်းစကားရပ်တွင် ၎င်း၏ အမွေဆက်ခံသူများ၊တရားဝင်ကိုယ်စားလှယ်များနှင့်ဥပဒေနှင့်အညီလွှဲအပ်ခြင်းခံရသူများပါဝင်သည်။) ကအခြား တစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များနှင့်အညီ ဤမြေငှါးရမ်းခြင်း သဘောတူစာချုပ်ကို ချုပ်ဆိုကြ ပါသည်။

၁။ ရည်ရွယ်ချက်။

မြောက်ဥက္ကလာပမြို့နယ် တွင်တည်ရှိသော အမှတ်(၁)ပလတ်စတစ်စက်ရုံရှိမြေလွတ်၊မြေလပ်များအား အကျိုးရှိစွာသုံးစွဲရေးစနစ်အရ နိုင်ငံတော်၏အခွန်ဘဏ္ဍာတိုးပွားရရှိရန်ရည်ရွယ်ပါသည်။

၂။ အာမခံထားခြင်းနှင့်ကိုယ်စားပြုခြင်း

ဤစာချုပ်တွင်လက်မှတ်ရေးထိုးချုပ်ဆိုကြသည့် စာချုပ်ဝင်များအနက် အငှါးချထားသူသည် ငှါးရမ်း သည့်မြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အငှါးချထားခြင်းခံရသူသည်စာချုပ်ပါလုပ်ငန်း ကိုလုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်ဖြစ်ပြီးလုပ်ငန်းကိုလုပ်ကိုင်ရန် ငွေကြေးအင်အားပြည့်စုံသူဖြစ်ကြောင်းအသီးသီးအာ မခံကြပါသည်။

၃။ လုပ်ငန်းစီမံချက်။

(က) အငှါးချထားသူ ပိုင်ဆိုင်သော မြေပေါ်တွင် အငှါးချထားခြင်းခံရသူ၏ ရင်းနှီးကုန်ကျငွေဖြင့် အလျား(၁၀၀ ပေ x အနံ ၇၅ ပေ) အရွယ်ရှိ အဆောက်အဦး(၁)ခုကိုစည်ပင်သာယာရေး ကော်မတီ၏ခွင့်ပြုချက်နှင့်အညီအအေးခန်းဆောက်လုပ်ရန်ဖြစ်ပါသည်။

(ခ) ဤမြေငှါးရမ်းခြင်းသတ်တမ်းကုန်ဆုံးသည့်အခါ မြေနှင့်မြေပေါ်ရှိ အငှါးချထားခြင်းခံရသူမှ ဆောက်လုပ်ထားသော အဆောက်အဦးများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုအငှါးချ ထားသူသို့ အဖိုးစားနားမဲ့ လွှဲပြောင်းပေးအပ်ရမည်။

၂/သို့-

၄။ ငှားရမ်းသည့် မြေတည်နေရာ။

ငှားရမ်းသည့် မြေတည်နေရာမှာ မြောက်ဥက္ကလာပမြို့နယ်၊အမှတ်(၁)ပလတ်စတစ်စက်ရုံပိုင် မြေနေရာ ဖြစ်သည်။ယင်းနေရာ မြေပုံနောက်ဆက်တွဲ (က) ကို စာချုပ်၏ တစ်စိတ်တစ်ဒေသအဖြစ် ပူးတွဲထားရှိသည်။ (ပူးတွဲ - နောက်ဆက်တွဲ “က”)

၅။ မြေငှားရမ်းသည့် ကာလသတ်မှတ်ခြင်း ။

(က) မြေငှားရမ်းသည့်ကာလကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်အတိုင်း အဆောက်အဦးများ ဆောက်လုပ်ပြီးစီးသည့်နေ့မှစ၍ မူလ(၅)နှစ်သက်တမ်းနှင့် နောက်ထပ် (၅)နှစ်စီ (၃)ကြိမ် စုစုပေါင်း (၂၀)နှစ်ဟုသတ်မှတ်သည်။ ငှားရမ်းသည့်ကာလစေ့ရောက်ကုန်ဆုံးသည့် အခါနှစ်ဦးနှစ်ဖက်ကြိုတင်ညှိနှိုင်းပြီးဆက်လက်ငှားရမ်းရန် သဘောတူညီပါက (၅)နှစ် တစ်ကြိမ် စာချုပ်ပြန်လည်ချုပ်ဆို၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ဖြင့် ဆက်လက်ငှားရမ်းနိုင်သည်။

(ခ) မြေငှားရမ်းဆောက်လုပ်သူသည် ငှားရမ်းကာလ (၂၀)နှစ်ပြည့်ပြီးသည့်အခါဖြစ်စေ၊ နောက်ထပ် ဆက်လက်ငှားရမ်းသည့်ကာလ (၅)နှစ်ကုန်ဆုံးသည့်အခါဖြစ်စေ၊ ငှားရမ်းသည့်မြေနှင့် ယင်းမြေ ပေါ်ရှိ အဆောက်အဦးတို့ကို အငှားချထားသူထံသို့ အဖိုးစားနားမဲ့ ပြန်လည်လွှဲပြောင်းပေးအပ် ရမည်။

၆။ မြေငှားရမ်းခ သတ်မှတ်ခြင်း ။

တစ်နှစ်ငှားရမ်းခနှုန်းမှာ ကျပ် ၁,၄၀၀,၀၀၀/- (ကျပ်တစ်ဆယ့်လေးသိန်းတိတိ)ဖြစ်ပါသည်။ ငှားရမ်းကာလ(၁)နှစ်ကုန်ဆုံးပြီးတိုင်း ငှားရမ်းခကို နှစ်ဖက် ပြန်လည်ညှိနှိုင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။ သို့ရာတွင် ယခင် တစ်ဆက်တည်းနှစ်ငှားရမ်းခ၏ ၈% ထက်မပိုစေရ။

၇။ ငှားရမ်းခ ပေးချေရမည့် နေ့ရက် ။

တစ်နှစ်စာ ငှားရမ်းခကို (၃)လ တစ်ကြိမ် အရစ်ကျဖြင့် ပေးချေရမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကျပ် ၃၅၀,၀၀၀/-(ကျပ်သုံးသိန်းငါးသောင်းတိတိ) နှုန်းထားဖြင့် ငှားရမ်းခပေးချေရန်ကျရောက်သည့်လ၏ လဆန်း(၃)ရက်နေ့ထက်နောက်မကျစေဘဲ အငှားချထားသူ၏ ဘဏ်ငွေစာရင်းအမှတ်(F-86) သို့ မျဉ်းသားချက် (Cross Cheque) ဖြင့် ပေးသွင်းရမည်။

၈။ ဆောက်လုပ်မည့် အချိန်ကာလ။

အငှားချထားခြင်းခံရသူသည် စည်ပင်သာယာမှ ဆောက်လုပ်ခွင့်ရရှိသည့်နေ့မှစ၍ အငှားချထားသူမှ အတည်ပြုသော အဆောက်အဦး (၁)လုံးကို (၁)နှစ် အတွင်း အပြီးဆောက်လုပ်ရမည်။

၃/သို့ -

၉။ အဆောက်အဦး စံချိန်စံညွှန်းသတ်မှတ်ခြင်း။

အငှားချထားခြင်းခံရသူသည် အဆောက်အဦးပုံစံကို အငှားချထားသူက ရွေးချယ်ပြီး စည်ပင်သာယာမှ စစ်ဆေးအတည်ပြုပေးသော ပုံစံအမျိုးအစားနှင့် အချိုးအစားအတိုင်းသာ ဆောက်လုပ်ရမည်။ အသုံးပြုသော ပစ္စည်းအမျိုးအစားနှင့် အချိုးအစားမှန်ကန်မှုရှိမရှိ အငှားချထားသူက ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့မှ ဆောက်လုပ်သည့် အဆင့်တိုင်းတွင် စစ်ဆေးမည်ဖြစ်သည်။ သတ်မှတ်ထားသောပုံစံ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု မရှိလျှင် အငှားချထားခြင်းခံရသူ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်ဆောက်လုပ်ရမည်။

၁၀။ အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။

(၁) စံချိန်စံညွှန်းနှင့်ညီညွတ်သော ဆောက်လုပ်ရေးပစ္စည်းများကိုသာ အသုံးပြုရမည်။

(၂) စံချိန်စံညွှန်းနှင့်ကိုက်ညီသော အင်ဂျင်နီယာ ပညာရှင်များ၏ ကြီးကြပ်မှုဖြင့်သာ ဆောက်လုပ်ရမည်။ ကြီးကြပ်ကွပ်ကဲရန် တာဝန်ခံအင်ဂျင်နီယာတစ်ဦး ခန့်ထားရမည်။

(၃) လုပ်ငန်းခွင်အတွင်းရှိဆောက်လုပ်ရေးပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရန် လုံခြုံရေးအတွက်တာဝန်ယူရမည်။

(၄) ဆောက်လုပ်ရေးအချိန်ကာလ (၁)နှစ်အတွင်း အဆောက်အဦးကိုအပြီးဆောက်လုပ်ရမည်။

(၅) တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လျက်ရှိသော အလုပ်သမားအားလုံး၏ အခွင့်အရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စအဝဝကို တာဝန်ယူရမည်။

(၆) အလုပ်သမားများ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများအတွက် လိုအပ်သော အာမခံကိစ္စကို ဆောင်ရွက်ရန် တာဝန်ယူရမည်။

(၇) အငှားချထားခြင်းခံရသူသည် ငှားရမ်းသည့်မြေကွက်ကို ပျက်စီးယိုယွင်းခြင်း မရှိစေရန် ကာကွယ်စောင့်ရှောက်ရမည်။

(၈) အငှားချထားခြင်းခံရသူသည် မြေခွန်မှအပ လျှပ်စစ်ဓါတ်အားခွန်၊ ရေခွန်နှင့် အခြားစည်ပင်သာယာအခွန်အခများကို ပေးဆောင်ရမည်။

(၉) အငှားချထားသည့် မြေအတွင်း တည်ဆဲဥပဒေနှင့် ဆန့်ကျင်သောကိစ္စများဆောင်ရွက်ခြင်း မပြုရ။

(၁၀) အငှားချထားသည့်မြေကို တစ်ဆင့်ပြန်လည်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အသုံးပြုခွင့်ပေးခြင်း မပြုလုပ်ရ။

(၁၁) အငှားချထားသည့်မြေအတွင်း အငှားချထားသူမှ နည်းလမ်းတကျလုပ်ကိုင်ခွင့် ပေးထားသော ကိုယ်စားလှယ်များကို အချိန်မရွေး ဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

(၁၂) မြေငှားရမ်းထားသည့်ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ အငှားချထားသည့်မြေကို အငှားချထားသူမှ ပြန်လည်ရယူလိုလျှင် စာဖြင့် (၃)လကြိုတင် အကြောင်းကြားပါက သတ်မှတ်ချိန်အတွင်း ချွင်းချက်မရှိ အပြီးပြန်လည် ဖယ်ရှားပေးရမည်။

၁၁။ အငှားချထားသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(၁) အငှားချထားသည့်မြေ၏မြေခွန်နှင့်မြေအသုံးချမှုပရီမီယံကြေး(LUP)ကိုပေးဆောင်ရမည်။

(၂) အငှားချထားသည့်မြေအတွင်းအငှားချထားသူမှနည်းလမ်းတကျလုပ်ကိုင်ခွင့်ပေးထားသောကိုယ်စားလှယ်များနှင့်အချိန်မရွေးဝင်ရောက်စစ်ဆေးခြင်းပြုရမည်။

(၃) မြေငှားရမ်းထားသည့်ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ အငှားချထားသည့်မြေကိုပြန်လည်ရယူလိုပါက အငှားချထားခြင်းခံရသူထံ(၃)လကြိုတင်၍စာဖြင့်အကြောင်းကြားရမည်။

၁၂။ အာမခံထားရှိခြင်း ။

အငှားချထားခြင်းခံရသူသည် စာချုပ်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အာမခံများကိုတည်ဆဲဥပဒေများနှင့်အညီ ထားရှိရမည်။

၁၃။ စာချုပ်ရပ်စဲခြင်း ။

(က) ဤစာချုပ်သည် အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြစ်ပေါ်လျှင် ရပ်စဲပြီးဖြစ်သည်-

(၁) စာချုပ်သက်တမ်းကုန်ဆုံးခြင်း ။

(၂) စာချုပ်ဝင် တစ်ဖက်ဖက်က စာချုပ်ပါ တာဝန်တစ်ရပ်ရပ်(သို့မဟုတ်) စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်ခြင်း၊

(၃) နိုင်ငံတော်၏ လိုအပ်ချက်(သို့မဟုတ်)နိုင်ငံတော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရ ငှားရမ်းခြင်းကို ရပ်ဆိုင်းရခြင်း၊

(၄) မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်လာပြီး ထိုဖြစ်ရပ်ကြောင့် စာချုပ်ပါလုပ်ငန်းကိုဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ခြင်း။

၁၄။ ငှားရမ်းသည့် မြေသို့ပြန်လည်ဝင်ရောက်ခွင့် ။

အငှားချထားခြင်းခံရသူသည် ဤစာချုပ်ပါ စည်းကမ်းများကို ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ ပျက်ကွက်မှုကို အငှားချထားခြင်းခံရသူထံအကြောင်းကြားစာပေးပို့ပြီးနောက် ရက်ပေါင်း(၃၀)အတွင်း ယင်းအကြောင်းကြားစာကိုအတည်ပြုဆောင်ရွက်ရန်ပျက်ကွက်ပါကအငှားချထားသူသည် အငှားချထားသည့်မြေသို့ ပြန်လည်ဝင်ရောက်၍ လက်ရောက်ရယူခွင့်ရှိသည်။ သို့ရာတွင် ယင်းသို့ဝင်ရောက်၍ လက်ရောက်ရယူခြင်းသည် အငှားချထားသူက အငှားချထားခြင်းခံရသူထံမှ ရရန်ရှိသော ငှားရမ်းခ(သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခြင်းတို့ကို ထိခိုက်ခြင်းမရှိစေရ ။

၁၅။ သယံဇာတပစ္စည်းများတွေ့ရှိခြင်း ။

အငှားချထားခြင်းခံရသူသည် အငှားချထားသည့်မြေပေါ်တွင် ဤစာချုပ်ပါအတိုင်း ဆောင်ရွက်စဉ်ကာလ အတွင်းမမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ အဖိုးတန်မကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများ တွေ့ရှိလျှင် အငှားချထားသူထံချက်ချင်းအကြောင်းကြားရမည်ဖြစ်ပြီး ထိုပစ္စည်းများကို အငှားချထားသူက ပိုင်ဆိုင်ရမည်။အငှားချထားသူသည်အဆိုပါပစ္စည်းများကိုသက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ တင်ပြ၍အကာည် ပြုချက်ရယူပြီး မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာတူးဖော်ရယူခွင့်ရှိစေရမည်။

၁၆။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း ။

အငှားချထားခြင်းခံရသူသည် လုပ်ငန်းဆောင်ရွက်မည့်နေရာဒေသနှင့် ပတ်ဝန်းကျင်နေရာများအား ကောင်းမွန်စွာထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။ ထို့ပြင် မြေဆီလွှာ၊ မြေလွှာနှင့် မြေပြင်များ ညစ်ညမ်းခြင်းနှင့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ မဖြစ်စေရန် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင် ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်သော အကာအကွယ်များ၊ အစီအစဉ်များကို ဆည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

၁၇။ အငြင်းပွားမှု ဖြေရှင်းခြင်း ။

ဤသဘောတူစာချုပ်နှင့်ပတ်သက်၍အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါကနှစ်ဦးနှစ်ဖက် ပြေလည် စွာညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍ မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့်ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးကရွေးချယ်ခန့်ထား သော သမာဓိလူကြီး၏ အဆုံးအဖြတ်ကိုခံယူရမည်။ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက် သည် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတစီရင် ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ခုနှစ် မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၄/၁၉၄၄)နှင့် မြန်မာနိုင်ငံ၌ အခါအားလျော်စွာ ပြဋ္ဌာန်းသည့်ပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်မြို့ဖြစ်စေရ မည်။ အမှုအတွက်ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

၁၈။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ။

မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင်၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုး ရေးနှင့်ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က

လိုအပ်သော သဘာဝမိုးလေဝသနှင့်ဆောင်ရွက်မှုစသည့် မလွန်ဆန်နိုင်သောကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ငှားရမ်းသူဘက်မှ ထိခိုက်ဆုံးရှုံးမှုပေါ်လျှင် အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးပေးလျော်ရန် မရှိစေရ။

ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ (၁၄)ရက်အတွင်း အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်ပြီး မြေအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သောဖြစ်ပေါ်သောကာလအပိုင်းအခြားအတွက် မြေငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

၁၉။ စာချုပ်ပြင်ဆင်ခြင်း ။

ဤစာချုပ်ပါ စည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ပယ်ဖျက်ဖြည့်စွက်ခြင်းပြုလုပ်လိုပါက အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ နှစ်ဦးနှစ်ဖက် ပြန်လည်ညှိနှိုင်းဆွေးနွေး၍ တရားဝင်စာဖြင့် သဘောတူညီချက် အရသာ ပြုလုပ်နိုင်သည်။

၂၀။ စာချုပ်အတည်ဖြစ်ခြင်း ။

ဤသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကုန်သွယ်မှုဦးစီးဌာနတို့၏ ခွင့်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

၂၁။ စာချုပ်အကျိုးသက်ရောက်မှုရှိခြင်း ။

ဤသဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီး အထက်အပိုဒ်(၁၉)ပါ ခွင့်ပြုချက်များရရှိပြီးမှသာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ဤစာချုပ်အကျိုးသက်ရောက်ရှိသည့်နေ့မှစ၍ (၁-၉-၉၉)ရက်နေ့တွင်ချုပ်ဆိုခဲ့သော မြေငှားရမ်းခြင်းစာချုပ်ကို ဤစာချုပ်ဖြင့် လွှမ်းမိုးပယ်ဖျက်ပြီးဖြစ်စေရမည်။

၂၂။ နောက်ဆက်တွဲများ ။

ဤစာချုပ်တွင် ပူးတွဲပါရှိသည့်နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ အထက်ပါ .... စည်းကမ်းချက်များကို နှစ်ဦးနှစ်ဖက် အပြန်အလှန် သိရှိနားလည်သဘောပေါက်ကြသည်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းမှု၊ သွေးဆောင်ခြိမ်းခြောက်မှု မပါရှိဘဲ မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒများဖြင့်အောက်ပါအသိသက်သေများရှေ့မှောက်တွင် သက္ကရာဇ် ၂၀၀၁ခုနှစ်၊ ....လ(   )ရက်နေ့၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

၇/သို့-

အငှားချထားသူ(ကိုယ်စား)

လက်မှတ် –
အမည် – ဒေါ်ခင်မော်မော်
ရာထူး – စက်ရုံမှူး
ဌာန – ပလတ်စတစ်စက်ရုံအမှတ်(၁)
အမျိုးသားမှတ်ပုံတင်အမှတ်–၁၂/ဥကမ(နိုင်)၀၃၁၀၉၇

အငှားချထားခြင်းခံရသူ(ကိုယ်စား)

လက်မှတ် –
အမည် – [illegible]
ရာထူး – အုပ်ချုပ်မှုဒါရိုက်တာ
ဌာန – ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း
၂၈၆၊ မြေညီထပ်၊
ရတနာသိင်္ဂီကုမ္ပဏီလီမိတက်
အမျိုးသားမှတ်ပုံတင်အမှတ်– ၁၃/နခန(နိုင်)၀၃၃၆၉၉

အသိသက်သေများ


(၁)

လက်မှတ် –
အမည် – [illegible]
ရာထူး – အလုပ်ရုံမှူး(ဘဏ္ဍာရေး)
ဌာန – ပလတ်စတစ်စက်ရုံအမှတ်(၁)
အမျိုးသားမှတ်ပုံတင်အမှတ် – YGN-015520

(၂)

လက်မှတ် –
အမည် – [illegible]
ရာထူး – အထွေထွေရေးမှူး
ဌာန – [illegible]စက်ရုံအမှတ်(၁)
ကုန်ထမ်းသက်သာချောင်ချိရေး
[illegible]
အမျိုးသားမှတ်ပုံတင်အမှတ် – J/RGN-021151

ပလပ်စတစ်စက်ရုံအမှတ်(၁) (မြောက်ဥက္ကလာပမြို့)
အဆောက်အဦးတည်နေရာပြပုံ



နောက်ဆက်တွဲ (ဂ)

ORIGINAL

Original

DIRECTORATE OF TRADE

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

IMPORT LICENCE

သွင်းကုန် လိုင်စင်

1. Importer (Name & Address) [illegible] Co သွင်းကုန်လုပ်ငန်းရှင်(အမည်နှင့် နေရပ်) No. [illegible], Bayintnaung Road, [illegible] Hlaing Thar [illegible] Yangon.	6. Importer Registration No. သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ် 7. Licence (No & Date) လိုင်စင် (အမှတ် နှင့် ရက်စွဲ) IL [illegible]
2. Seller (Name & Address) [illegible] ကုန်ရောင်းသူ (အမည်နှင့် နေရပ်) Chang[illegible] Group Import & Export No. 123, [illegible] Road, Chang[illegible] [illegible] China	8. Method of Import ကုန်သွင်းသည့်နည်းလမ်း Normal (LC/TT) (EXE) 9. Country Whence Consigned China, S'pore ကုန်ပို့သည့်နိုင်ငံ
3. Mode of Transport 1. Sea 2. Road 3. Air ပို့ဆောင်သည့်နည်းလမ်း ၁။ ရေ ၂။ ကုန်း ၃။ လေ	10. Country of Origin China ထုတ်လုပ်သည့်နိုင်ငံ
4. Place / Port of Discharge ကုန်ချမည့်နေရာ/ဆိပ်ကမ်း Yangon	11. Value CIF / FOB / C & F [illegible] 4 8 4 4 7 . 6 7
5. Last Date of Import ကုန်သွင်းရမည့် နောက်ဆုံးရက် [illegible]	12. Total Value (CIF) Ks စုစုပေါင်းတန်ဖိုး ကျပ် 1 7 8 5 8 1 . 0 4

13. No အမှတ်	14. H.S Code ဟစ်ကုဒ်အမှတ်	15. Description of Goods ကုန်ပစ္စည်းအမျိုးအမည်	16. Unit ယူနစ်	17. Unit Price တစ်ယူနစ်ဈေး	18. Qty အရေအတွက်	19. Value (US Dollar) တန်ဖိုး(ဒေါ်လာ)
		Brand New 2001/87 Cold Storage material (Sheet) (37 Items) Attached list				4 8 4 4 7 . 6 7

20. Conditions : စည်းကမ်းချက်များ [illegible]	21. Signature of Authorized Person ခွင့်ပြုသူလက်မှတ် Stamp For Director General ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

No. ( )
အမှတ် ( )

Continuation Sheet ဆက်လက်အသုံးပြုရန်စာရွက်

original
မူရင်း

DIRECTORATE OF TRADE
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

IMPORT LICENCE
သွင်းကုန်လိုင်စင်

1. Importer (Name & Address) GOOD BROTHERS CO., LTD. NO.22, BAYINTNAUNG ROAD, THIRIMON HOUSING HLAING T/S, YANGON, MYANMAR.
သွင်းကုန်လုပ်ငန်းရှင် (အမည်နှင့်နေရပ်)

7. Licence (No & Date) လိုင်စင် (အမှတ်နှင့်ရက်စွဲ)

IL	2	99/2000	6	၂	၄	၉	06	07	99

6. Importer Registration No.
သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အမှတ်

2/ 2137

13. No စဉ်	14. H.S Code ဟိတ်စ်ကုဒ်အမှတ်	15. Description of Goods ကုန်ပစ္စည်းအမျိုးအမည်	16. Unit ရေတွက်ပုံ	17. Unit Price ဈေးနှုန်း	18. Qty အရေအတွက်	19. Value (US Dollar) တန်ဖိုး (ယူအက်စ်ဒေါ်လာ)
		(BRAND NEW 200T/8T COLD STRORAGE MATERIAL SHEET) REFRIGERATION SYSTEM				
1.		MODEL : S810AC	SET	3465.00	3	10395.00
2.		ZLA3.5	"	594.00	1	594.00
3.		WNA56	"	1963.50	1	1963.50
4.		CDCA3.5	"	1402.50	1	1402.50
5.		4OP-40	"	280.50	2	561.00
6.		WCA-1150	"	869.00	1	869.00
7.		YF100TL	"	841.50	1	841.50
8.		JYA-219	"	110.00	1	110.00
9.		KFA-32	"	143.00	1	143.00
0.		LJ300	"	1848.00	4	7392.00
1.		LD-250	"	1782.00	1	1782.00
2.		LD-75	"	858.00	1	858.00
3.		IL-50	"	731.50	1	731.50
4.		DJY-1	"	55.00	1	55.00
5.			"	605.00	1	605.00
6.			"	66.00	1	66.00
7.		DN150-DN15	"	19.228	135	2595.78
8.		D10-D219	M	2.341	680	1593.24
9.		"	"	2.255	610	1375.55
0.		N46	KG	0.688	200	137.60
1.		"	"	0.825	800	660.00
[illegible]		COOLING WATER SYSTEM	SET	2420.00	1	2420.00
[illegible]		MODEL:FBLS-75	SET	1375.00	1	1375.00
[illegible]		IS100-80-125	"	385.00	2	770.00
[illegible]		IS65-50-160	"	192.50	1	192.50
[illegible]		DN 100-15	"	22.759	29	660.01
[illegible]		S=250mm	M^2	13.255	751	9954.51
[illegible]		S =200mm	"	11.00	196	2156.00
[illegible]		S=250mm	"	9.90	210	2079.00
[illegible]		"	SET	535.562	8	4284.49
[illegible]		"	"	3327.50	1	3327.50
		ELECTRIC CONTROL SYSTEM	"	1210.00	1	1210.00
		"	"	990.00	2	1980.00
[illegible]		"	"	3795.00	1	3795.00
[illegible]		"	"	60.50	6	363.00

No ( )
စဉ်အမှတ် ( )

Continuation Sheet

DIRECTORATE OF TRADE

IMPORT LICENCE

1 Importer (Name & Address) GOOD BROTHERS CO.,LTD.
NO.22, BAYINTNAUNG ROAD,THIRIMON HOUSING HLAING T/S,YANGON,MYANMAR.

IL | 2 | 99/2000 | 07 | 99

Importer Registration No 2/ 2137

13 No	14 HS Code	15 Description of Goods	16 Unit	17 Unit Price	Quantity	Value US Dollar
36.		INSULATION PANEL FOR FLOOR	SET	5225.00	1	5225.00
37.		FISH WHEEL	"	176.00	24	4224.00
						78747.67

(UNITED STATE DOLLARS SEVENTY EIGHT THOUSAND SEVEN HUNDRED FORTY SEVEN AND SIXTY PYAS ONLY.)

ORIGINAL

1. Name and Address of Enterprise လုပ်ငန်းအမည်နှင့်လိပ်စာ EAST OCEAN INDUSTRY LTD. NO. 105/111, AHMAYA STREET, PLASTIC FACTORY (CURBE), NO: 5H OKKALAPA T/S, YANGON.	4. Registration No. & Date [25] [ ] [ ] [2000] ကြိုးကြပ်အမှတ်နှင့် နေ့စွဲ 12881 Union of Myanmar Ministry of Commerce Directorate of Trade ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန CERTIFICATE OF EXPORTER/IMPORTER REGISTRATION ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် Note: [ ] Please tick (√) where applicable သက်ဆိုင်ရာအကွက်ကိုအမှန် အမှတ် အသားပြုပါ
2. Contact No. ဆက်သွယ်ရန် 665711, 657007 Telephone No. တယ်လီဖုန်းနံပါတ် / Fax No. ဖက်စ်နံပါတ် / Telex No. တယ်လက်စ်နံပါတ်	
3. Business Registration No. 940/99-2000 လုပ်ငန်းမှတ်ပုံတင်အမှတ်	

5. Type of Business လုပ်ငန်းအမျိုးအစား:

[ ] a) Sole Proprietorship တစ်ဦးတည်းပိုင်　[ ] b) Partnership အစုစပ်　[√] c) Limited Company (Myanmar or Foreign) လီမိတက်ကုမ္ပဏီ (မြန်မာ / နိုင်ငံခြား)　[ ] d) Co-operative Society သမဝါယမအသင်း

[ ] e) Others (please specify) ....
အခြား (ဖော်ပြရန်)

6. Terms and Conditions. စည်းကမ်းချက်များ:

I hereby register the above mentioned enterprise as Exporter/ Importer subject to the following terms and conditions:
အောက်ဖော်ပြပါစည်းကမ်းချက်များဖြင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

(a) Line of goods permitted - all items except prohibited and restricted items.
ခွင့်ပြုသည့်ကုန်ပစ္စည်းအမျိုးအမည် - တားမြစ်ကန့်သတ်ထားသောကုန်ပစ္စည်းအမယ်များမှလွဲ၍ကျန်ပစ္စည်းများအားလုံး

(b) The enterprise must abide by the Export/Import Rules and Regulations prescribed for the registered Exporters/Importers.
လုပ်ငန်းရှင်သည်မှတ်ပုံတင်ထုတ်ကုန်သွင်းကုန် လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာရမည်။

The registration is valid for ......THREE...... year(s) up to ...25-4-2000 TO 24-4-2003...
မှတ်ပုံတင်သက်တမ်း　နှစ်　နေ့ထိ

Hla Mu (signature)
25/4/2000
for DIRECTOR GENERAL
ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

Stamp
ရုံးတံဆိပ်

7. Extension of Export/ Import Registration Period　ထုတ်ကုန် သွင်းကုန်လုပ်ငန်း လုပ်ငန်းရှင်မှတ်ပုံတင်အား သက်တမ်းတိုးမြှင့်ပေးခြင်း

Period Extended သက်တမ်းတိုးမြှင့်သည့်ကာလ		Authorised Signature & Name ခွင့်ပြုသူလက်မှတ်နှင့်အမည်
(1) .... up to .... နေ့မှ ... ထိ		....
(2) .... up to .... နေ့မှ ... ထိ		....
(3) .... up to .... နေ့မှ ... ထိ		....

CUSTOMS DEPARTMENT — **IMPORT DECLARATION**

အကောက်ခွန်ဦးစီးဌာန — သွင်းကုန်ကြေညာလွှာ

CUSDEC 1 — အမှတ် (၁)   561123

1. Consignor (Name & Address) ကုန်တင်ပို့သူ (အမည်နှင့်နေရပ်)

CHANGCHAI GROUP IMPORT & EXPORT CO,LTD.

For Official Use Only — အကောက်ခွန်ရုံးသုံးသာ

11. Registration No — 111118
12. Date/Time — 07 JUN 200[illegible]
13. Station — YGN
14. Ex. Rate

2. Consignee (Name & Address) ကုန်တင်သွင်းသူ (အမည်နှင့်နေရပ်)

GOOD BROTHERS CO,LTD.

2 1 3 2 1 3 7

15. Import Licence/Permit No — [illegible]/2001/2374
16. Licence/Permit Date — [illegible]
17. Value / (Licence / Permit) Ks
18. Expiry Date — [illegible]
19. Bill Of Lading / Air Consignment Note

3. Authorised Agent (Name & Address) ကိုယ်စားလှယ် (အမည်နှင့်နေရပ်)

(HLA OO)
DIRECTOR
GOOD BROTHERS' CO., LTD.

5 0 6 9 5 0 1

20. Country Whence Consigned — CH
21. Licence / Permit Balance (Ks)
22. Country Of Origin — CH
23. For goods to be paid to — CH

4. Mode Of Transport 1.Sea 2.Rail 3.Road 4.Air
5. Date Of Entry
6. Manifest Line No — 1

24. Currency Code — USD
25. Special Treatment
26. Other Charges (Ks)
27. Value (CIF / FOB / C & F) In FB — 14301
28. Insurance Ks

7. Name of conveyence & S/F No.
8. Place / Port Of Entry — YGN
9. Place / Port Of Loading — SH1
10. Via (Transhipment Only) — SIP

29. Value (CIF) Ks
30. Value (C & F) Ks
31. Freight Ks
32. Gross Wt (Kg) — 3560 KGS
33. Measurement (M³) — [illegible]
34. Value (FOB) Ks

35. Marks & Nos Container Nos	36. No	37. No & Type Of Packages	38. Description Of Goods	39. H.S. Code			40. Unit	
			(BRAND NEW AMMONIA LIQUID SEPERATOR) BMIT Cold Store	841090	00	00	[illegible]	7
CAXU 4770127			Ammonia Compressor (S-12.5) 30 Kw					
TCIU 4437491			Condenser Wn 53G					
			Intercooler ZIA-1.5					
			Ammonia Reciever YCA-1150					
			Oil Separator YFA-100IL					

36. No	41. C.O. Code	42. Q T Y Based On Tariff Unit	43. Per Unit (Value Ks)	44. Total Value	45. Rate (Import Duty)	46. Amount (Ks)	47. Rate (C.T.)	48. Amount	49. Other Taxes (Ks)
1	01	1 set	CIF US$ 12000 / A.V.	5,500,000	1%		2%		
2	"	1 "	CIF / A.V.			67125		135,593	
3	"	1 "	CIF Item 1 / A.V. to 16						
4	"	1 "	CIF 56,125 / A.V.	5,512,500					
5	"	1 "	CIF / A.V.						
Total		(1)	50.	67,12,500	51.	67,125	52.	135,593	53.

54. Name — U HLA OO

55. Union Citizenship Card No/Pass Port No — 13/KA KHA NA (N) 020288

56. Status — DIRECTOR

57. Issuing Country

58. I hereby certify that this declaration is true and complete.

For Official Use Only

59. Import Duty (Ks) — 67,125
60. Commercial Tax (Ks) — 135,593
61. Others Taxes/Fees — 0
62. Total Amount (Ks)
63. In Words — 202,718.

Ass. Off.   Off. Incharge   Cashier   Stamp

[illegible]on Sheet

[illegible]eet No. ( ) ( )

CUSTOMS DEPARTMENT — IMPORT DECLARATION

CUSDEC-1

2. consignee (Name & Address)

[illegible] BROTHERS CO.,LTD.

2 1 [illegible] 3 1 3 7

For Official Use Only

11. Registration No

12. Date Type Of Re[illegible] 7 JUN 2000

13. Station Y G N

35. Marks & Nos Contaner Nos	36. No	37. No & Type Of Packages	38. Description Of Goods	Customs Tariff 39. H.S Code
	6		Ammonia Liquid NFA-100 TL	[illegible]
	7		Oil Trap Jyr-219	
	8		Air Blast DA-317	
	9		Cooling Tower RTN 3-60	
	10		Water pump is 50-65-125	
	11		Water pump is 50-32-125	
	12		Insulation Material	
	13		EPS Panel	
	14		Spare parts	
အငှားချထားခြင်းခံရသူသည် လုပ်ငန်းဆောင်ရွက်မည့်နေရာဒေသနှင့် ပတ်ဝန်းကျင်နေရာများအား ကောင်းစွာထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။ ထို့ပြင် လေထု၊ ရေထုနှင့် မြေထုများ ညစ်ညမ်းခြင်းနှင့် အခြား သော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ မရှိစေရန် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင် ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်သော အကာအကွယ်များ၊ အစီအစဉ်များကို ဆည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

၁၇။ အငြင်းပွားမှု ဖြေရှင်းခြင်း ။

ဤသဘောတူစာချုပ်နှင့်ပတ်သက်၍အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါကနှစ်ဦးနှစ်ဖက် ပြေလည် စွာညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍ မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့်ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးကရွေးချယ်ခန့်ထား သော သမာဓိလူကြီး၏ အဆုံးအဖြတ်ကိုခံယူရမည်။ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက် သည် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတစီရင် ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ခုနှစ် မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၄/၁၉၄၄)နှင့် နောက်ပိုင်း ထုတ်ပြန်သောတည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ဖြစ်စေရ မည်။ အမှုအတွက်ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

၁၈။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ။

မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင်၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုး ရေးနှင့်ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က

၆/သို့ -

လိုအပ်သော သတိဝီရိယနှင့်ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကိုထိခိုက်ဆုံးရှုံးစေလျှင် အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့် မရှိစေရ။

ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ (၁၄)ရက်အတွင်း အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ ချက်ချင်းစာဖြင့်ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပြောက်ပြီး၊ မြေအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သောဖြုတ်တောက်ကာလအပိုင်းအခြားအတွက် မြေငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

၁၉။ စာချုပ်ပြင်ဆင်ခြင်း ။

ဤစာချုပ်ပါ စည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်းပြုလုပ်လိုပါက အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ နှစ်ဦးနှစ်ဖက် ပြန်လည်ညှိနှိုင်းဆွေးနွေး၍ တရားဝင်စာဖြင့် သဘောတူညီချက် အရသာ ပြုလုပ်နိုင်သည်။

၂၀။ စာချုပ်အတည်ဖြစ်ခြင်း ။

ဤသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကုန်သွယ်မှုမူဝါဒကောင်စီတို့၏ ခွင့်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

၂၁။ စာချုပ်အကျိုးသက်ရောက်မှုရှိခြင်း ။

ဤသဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီး အထက်အပိုဒ်(၁၉)ပါ ခွင့်ပြုချက်များရရှိပြီးမှသာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ဤစာချုပ်အကျိုးသက်ရောက်ရှိသည့်နေ့မှစ၍ (၁-၉-၉၉)ရက်နေ့တွင်ချုပ်ဆိုခဲ့သော မြေငှားရမ်းခြင်းစာချုပ်ကို ဤစာချုပ်ဖြင့် လွှမ်းမိုးပယ်ဖျက်ပြီးဖြစ်စေရမည်။

၂၂။ နောက်ဆက်တွဲများ ။

ဤစာချုပ်တွင် ပူးတွဲပါရှိသည့်နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ အထက်ပါ .... စည်းကမ်းချက်များကို နှစ်ဦးနှစ်ဖက် အပြန်အလှန် သိရှိနားလည်သဘောပေါက်ကြသည်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းမှု၊ သွေးဆောင်ခြိမ်းခြောက်မှု မပါရှိဘဲ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒများဖြင့်အောက်ပါအသိသက်သေများရှေ့မှောက်တွင် သက္ကရာဇ် ၂၀၀၁ခုနှစ်၊ ....လ( )ရက်နေ့၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

၇/သို့-

အငှားချထားသူ(ကိုယ်စား)	အငှားချထားခြင်းခံရသူ(ကိုယ်စား)

လက်မှတ်	–	လက်မှတ်	–
အမည်	– ဦးကျော်လှ	အမည်	– ဦးအိုက်ရီ
ရာထူး	– အတွင်းရေးမှူး	ရာထူး	– အုပ်ချုပ်မှုဒါရိုက်တာ
ဌာန	– ပလတ်စတစ်စက်ရုံအမှတ်(၁) ဝန်ထမ်းသက်သာချောင်ချိရေး ကော်မတီ	ဌာန	– ဒဂုံမြို့နယ်၊ရွှေတိဂုံဘုရားလမ်း ၂၈၆၊မြေညီထပ်၊ ရတနာသိဂီကုမ္ပဏီလီမိတက်
အမျိုးသားမှတ်ပုံတင်အမှတ် – J/RGN-021151		အမျိုးသားမှတ်ပုံတင်အမှတ်– ၁၃/နခန(နိုင်)၀၃၃၆၉၉	

အသိသက်သေများ

(၁)	(၂)

လက်မှတ်	–	လက်မှတ်	–
အမည်	– ဦးသန်းစိန်	အမည်	– ဒေါ်ခင်မော်မော်
ရာထူး	– အလုပ်ရုံမှူး(ဘဏ္ဍာရေး)	ရာထူး	– စက်ရုံမှူး
ဌာန	– ပလတ်စတစ်စက်ရုံအမှတ်(၁)	ဌာန	– ပလတ်စတစ်စက်ရုံအမှတ်(၁)
အမျိုးသားမှတ်ပုံတင်အမှတ် – YGN-015520		အမျိုးသားမှတ်ပုံတင်အမှတ်–၁၂/ဥကမ(နိုင်)၀၃၁၀၉၇	

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရှေ့နေချုပ်ရုံး

စာအမှတ်၊ ၂(၅)၃-၇၅(၃၂၇)
ရက်စွဲ၊ ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်

အကြောင်းအရာ။ **B. O. T စနစ်ဖြင့် မြေငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း) အပေါ်သဘောထားမှတ်ချက်ပေးခြင်း**

ရည်ညွှန်းချက်။ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၁၉-၉-၂၀၀၀ ရက်စွဲပါစာအမှတ် ၁၅၁၁/ စမ (၁)-(၉)(၁၅)/၂၀၀၀(၇၂၂၅)

၁။ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပလတ်စတစ်စက်ရုံအမှတ် (၁) ၏ မြေကွက် ၃၀၆၂·၁၈ စတုရန်းမီတာကို လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ ငှားရမ်းထားခဲ့ရာမှ B. O. T စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် အမှတ်(၁) ပလတ်စတစ်စက်ရုံ၊ ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီနှင့် ရတနာသိင်္ဂီကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့်ပြင်ဆင်ဖြည့်စွက်ချက်စာချုပ်ကို စိစစ်သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေးမြန်းလာသည့်ကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာနှင့်ပူးတွဲပေးပို့ခဲ့သောပြင်ဆင်ဖြည့်စွက်ချက်စာချုပ် (မူကြမ်း) မှာ လိုအပ်သောအချက်များဖြည့်စွက်ရေးသားရန်လိုအပ်နေသဖြင့် ဌာနမှတာဝန်ရှိသူများအား ဆွေးနွေးညှိနှိုင်းပြီး B. O. T စနစ်ဖြင့် ဆောင်ရွက်ရန် မြေငှားရမ်းခြင်းစာချုပ်အဖြစ်ပြင်ဆင်ရေးဆွဲစေခဲ့ရာ လိုအပ်သလိုပြင်ဆင်ရေးဆွဲ၍ ၁၅-၁၁-၂၀၀၀ ရက်နေ့တွင်ဤရုံးသို့ပြန်လည်ပေးပို့ခဲ့ပါသည်။ ယင်းစာချုပ် (မူကြမ်း) များအပေါ် ဥပဒေရှုထောင့်မှစိစစ်၍ အောက်ပါအတိုင်းအကြံပြုအပ်ပါသည် —

(က) စာချုပ် (မူကြမ်း) အပိုဒ် ၃(က) (မူလအပိုဒ် ၂(က)) တွင် ဆောက်လုပ်မည့်အဆောက်အဦ၏အရွယ်အစားကိုအလျား ၁၁၀ × အနံ ၇၅ ဟုသာဖော်ပြထားရာ ပေဖြင့်ဖော်ပြ လို

ခြင်း ဖြစ်သည်ဟုယူဆသဖြင့်ဖြည့်စွက် ရေး သား ပေး လိုက်ပါ သည်။ ဆောက်လုပ်မည့်အဆောက်အဦ၏အရွယ်အစား ၊ ပုံစံ၊ အယာဝ်စသည့်အဆောက်အဦနှင့်စပ်လျဉ်း သည့်အသေး စိတ်အချက်အလက်များ ကိုလည်း စာချုပ်(မူကြမ်း)တွင် ဖော်ပြသင့် ပါ သည်၊

(ခ) စာချုပ်(မူကြမ်း)အပိုဒ်၅(က)(မူလအပိုဒ်၄(က))တွင် အဆောက်အဦများ ဆောက်လုပ်ပြီး စီး သည့် နေ့မှစ၍ မူလ ၅နှစ်သက်တမ်း ငှား ရမ်း မည်ဖြစ် ကြောင်း ဖော်ပြ ထား ပြီး အပိုဒ်၈(မူလအပိုဒ်၇)အရ အဆောက်အဦကို(၁) နှစ် အတွင်း အပြီး ဆောက်လုပ်မည်ဖြစ် ကြောင်း ဖော်ပြထား ရာ အဆောက်အဦ ဆောက်လုပ် နေသည့်(၁)နှစ်အတွင်း မြေငှား ရမ်း ခမရမည့်သဘောသက် ရောက် နေပါသည်၊ ယင်းအချက် ကိုပြန်လည်စိစစ်သင့်ပါသည်၊

(ဂ) ယခုစာချုပ်မှာအမှတ်(၁) ပလတ်စတစ်စက်ရုံဝန်ထမ်း သက်သာ ချောင်ချိရေး ကော်မတီမှ ရတနာသီရိကုမ္ပဏီလီမိတက်သို့ မူလ ၅ နှစ်နှင့် နောက်ယပ် ၅ နှစ်ဖြင့်၂ကြိမ်စုစု ပေါင်း ၁၅ နှစ်ငှား ရမ်း မည်ဖြစ်ရာ၊ ယင်း ငှား ရမ်း ကာလ သည် ဝန်ထမ်း သက်သာ ချောင်ချိရေး ကော်မတီသို့အမှတ်(၁) ပလတ်စတစ်စက်ရုံမှ ငှား ရမ်း ထား သည့်ကာလထက်မကျော်လွန် စေရန်သတိပြုသင့်ပါသည်၊

(ဃ) မလွန်ဆန်နိုင် သောဖြစ်ရပ်များ နှင့်အငြင်း ပွား မှုဖြေရှင်း ခြင်း တို့ကိုစာချုပ်(မူကြမ်း)များ တွင်အသုံး ပြုနေကျစာပိုဒ် များ ကို slip ကပ် ပေး လိုက်ပါသည်၊

(င) စာချုပ် (မူကြမ်း)တွင်အာမခံခြင်း နှင့်ကိုယ်စားပြုခြင်း အငှား ချထား သူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ သယံဇာတ ပစ္စည်း များ တွေ့ရှိခြင်း ၊ ပတ်ဝန်းကျင်ထိန်း သိမ်းကာကွယ် ခြင်း ၊ စာချုပ်အကျိုး သက်ရောက်မှုရှိခြင်း ၊ စသည့်ခေါင်းစဉ် များ မပါရှိသဖြင့်အပိုဒ် ၂၊ ၁၁၊ ၁၅၊ ၁၆၊ နှင့် ၂၀ တို့

အဖြစ်ဖြည့်စွက် ရေးသား ပေးလိုက်ပါသည်၊

(စ) အခြား လိုအပ်သော နေရာများ တွင်မင်နီဖြင့်ပြင်ဆင် ဖြည့်စွက် ရေးသား ပေးလိုက်ပါသည်။

၃။ ဤစာချုပ်ကို ချုပ်ဆိုနိုင်ရေး အတွက်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြ၍ အတည်ပြုချက်ရယူရန်လိုအပ်မည်ဖြစ်ပါသည်။

၄။ တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၉ အရ တံဆိပ်ခေါင်း ခွန် ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်မရရှိသေး လျှင်တံဆိပ်ခေါင်း အက်ဥပဒေအရ ထိုက်သင့်သော တံဆိပ်ခေါင်း ခွန်ကိုအငှား ချထားခြင်း ခံရသူက ထမ်းဆောင်ရမည် ဖြစ်ပါသည်။

၅။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သည်တရား ဝင်ဖွဲ့စည်း ထားသောကုမ္ပဏီ ဟုတ်မဟုတ်၊ စာချုပ်ပါလုပ်ငန်း ကို ဆောင်ရွက်နိုင်မှုရှိမရှိ၊ ငွေကြေး အင်အား ပြည့်စုံမှုရှိမရှိနှင့်စာချုပ်တွင်လက်မှတ် ရေး ထိုး မည့်သူသည်တရား ဝင်လွှဲအပ်ခြင်း ခံရသူဟုတ်မဟုတ်တို့ကိုကြိုတင်စိစစ်ထား သင့်ပါသည်။

၆။ ယခုကိစ္စမှာဝန်ထမ်း သက်သာရန်ပုံငွေအတွက်ငှား ရမ်းမည့်ကိစ္စ ဖြစ်ရာငှား ရမ်း ခငွေရရှိသည့်အနက်မှသတ်မှတ်ထား သည့်အချိုး အစား ကိုဌာန ဆိုင်ရာငွေစာရင်း သို့ ပေး သွင်း ရန်လိုအပ်မည်ဖြစ်ပါသည်။

၇။ ဤစာချုပ်ကိုလက်မှတ် ရေး ထိုး ချုပ်ဆိုပြီး ပါကမှတ်တမ်း ထား နိုင်ရန် အတွက်ဤရုံး သို့မိတ္တူ (၁) စုံ ပေး ပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြား ရေး မှူး ချုပ် (ကိုယ်စား)
(မေခင် ၊ ညွှန်ကြား ရေး မှူး)

မြန်မာ့ဆေး ဝါး နှင့်အိမ်သုံး ပစ္စည်း လုပ်ငန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ်(၁) စက်မှုဝန်ကြီးဌာန

စာအမှတ် ၅/၁စဘန(၂၀၀၁-၂၀၀၂)(　　)

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဇွန် လ ၉ ရက်။

အကြောင်းအရာ။ **ရတနာသီဟိကုမ္ပဏီလီမိတက်မှတန်(၁၀၀)ဆန့်အအေးခန်း - တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်ကိစ္စ**

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းအနီးရှိ ပလပ်စတစ် - စက်ရုံအမှတ်(၁)ပိုင်မြေဧရိယာ(၃၀၆၂.၀၈)စတုရန်းမီတာရှိ မြေကွက်အား ရတနာသီဟိကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ငှားရမ်းခ ကျပ် ၁၄၀၀၀၀၀/- ဖြင့် ကနဦး(၅)နှစ်ငှားရမ်းပြီး ငှားရမ်းကာလ(၁)နှစ်ကုန်ဆုံးပါက တစ်နှစ်တစ်ကြိမ် ငှားရမ်းခကိုညှိနှိုင်းဆောင်ရွက်ခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြခဲ့ရာ ၂၀၀၀ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၄/၂၀၀၀)ကြိမ်မြောက်အစည်းအဝေးမှ "ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်ပြန်လည်တင်ပြရန်" ဆုံးဖြတ်ခဲ့ပါသည်။

၂။ ရတနာသီဟိကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ရန် မြေငှားရမ်းမည့်ကိစ္စအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ပေးပါရန် အကြောင်းကြားခဲ့ရာ ပြန်ကြားလာသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားစာအား ပူးတွဲပေးပို့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေဧရိယာ(၃၀၆၂.၀၈)စတုရန်းမီတာရှိ မြေကွက်အား စက်ရုံဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ ရတနာသီဟိကုမ္ပဏီလီမိတက်သို့ တစ်နှစ်လျှင် ငှားရမ်းခကျပ် ၁၄,၀၀,၀၀၀/- ဖြင့် ကနဦး(၅)နှစ်ငှားရမ်း - ပြီး ငှားရမ်းကာလ(၁)နှစ်ကုန်ဆုံးပါက တစ်နှစ်တစ်ကြိမ် ငှားရမ်းခကိုညှိနှိုင်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

ဝန်ကြီး

တင်လှိုင်၊ ညွှန်ကြားရေးမှူးချုပ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူကို - ရုံးအဖွဲ့များ

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊

- ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆေးဝါးနှင့်ဓါတ်သုံးပစ္စည်းလုပ်ငန်း ၊

- မျှောစာတွဲ

- ရုံးလက်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၄၈/ခွဲ-၃/၂၀၀၁ (စီ ၁၁၅၇)
ရက် စွဲ၊ ၂၀၀၁ခုနှစ် မေလ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ ရတနာသီဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလိုခြင်းကိစ္စ

ရည် ညွှန်း ချက်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ၂၀၀၁ခုနှစ် ဇန်နဝါရီလ(၁၆)ရက်နေ့စွဲပါစာအမှတ်၊ ၇/၁၈(၁)(၈၈)/၂၀၀၁ (၃၁၇)

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းအနီးရှိပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင် ဧရိယာ(၃၀၆၂.၁၈)စတုရန်းမီတာ (၀.၇၆)ဧကကိုရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ရန်မြေငှားရမ်းမည့်ကိစ္စ အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ပေးပါရန် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည် ။

အဆိုပြုမြေကွက်သည် မြောက်ဥက္ကလာပ စက်မှုဇုန်အတွင်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ...ာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံ အဝန်းအဝိုင်းမှဖြစ်ပြီး ပလပ်စတစ် ...က်ရုံ မြေဧရိယာ (၄.၈၅၃)ဧက အနက်မှ (၀.၇၆)ဧက(၃၀၆၂.၁၈စတုရန်းမီတာ)ကို ငှားရမ်းရန်ဖြစ်ကြောင်းနှင့် ...မြေပေါ်တွင် ၃၀၀' × ၂၀၀' အာရ်စီနှစ်ထပ်အဆောက်အအုံဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည် ။

အဆိုပြုမြေနေရာ၏ အရှေ့ဘက်တွင်ဝေဇယန္တာလမ်း၊ အနောက်ဘက်တွင်အထည်ချုပ်လုပ်ငန်း ...ဝင်ရွက်နေသော မြေကွက်အမှတ်(၁၁၂)၊ တောင်ဘက်တွင် အမယာလမ်းနှင့် မြောက်ဘက်တွင်ပလပ်စတစ် ...အမှတ်(၁)တို့ တည်ရှိကြောင်းလည်းသိရှိရပါသည် ။

၄။ အဆိုပြုမြေနေရာ၌ရတနာသီဂီကုမ္ပဏီလီမိတက်မှတန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး၊ စွန့်ပစ်ရေများကိုအနယ်စစ်ဇကာများ၊ အနည်ထိုင်ကန်များ (Oxidation Tank) များဖြင့် စနစ်တကျသန့်စင်စေပြီးမှ စွန့်ပစ်သွားမည့်အစီအစဉ်များထားရှိ ဆောင်ရွက်မည်ဖြစ်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနမှလည်း ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ငါးလုပ်ငန်းဦးစီး မှလည်း စက်ရုံလည်ပတ်ခွင့်ပြုထားပြီး ဖြစ်ကြောင်းသိရှိရပါသည်။

၅။ သို့ပါ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ပလပ်စတစ်စက်ရုံ အမှတ်(၁)ပိုင်မြေ ဧရိယာအဝန်းအပိုင်းအတွင်းမှ မြေကွက်ပေါ်တွင် ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ တန် (၁၀၀)ဆန့် အအေးခန်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအား ခွင့်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြ အပ်ပါသည် ။

ဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို
- အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး ။
- ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

ဖတ်ရှုပြီး	
ဝန်ကြီး	
...ယဝန်ကြီး	
ဒုတိယဝန်ကြီး	
ရုံးအဖွဲ့မှူး	213

MPI ...

-/ဒိ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁ / ၂၀၀ (ည) / ၅၁၀၀/ ၆၃၄
ရက်စွဲ ၊၂၀၀၂ခုနှစ်၊မေလ (၂၈)ရက်၊

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်လည်တင်ပြခြင်း</u>

ရည်ညွှန်းချက်။ (၁)မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏(၁၂–၇–၂၀၀၀)ရက်စွဲပါစာအမှတ်၊
၁/ ၂၀၀(ည)/ ၅၁၀၀/ ၈၁၀
(၂)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂၂–၄–၂၀၀၂ရက်စွဲပါစာအမှတ်၊
ရက–၁/ မ–၆၁၁/ ၂၀၀၂(၁၈၆–ခ)

၁။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သည်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁)ပိုင် ဧရိယာ(၃၀၆၂.၀၈)စတုရန်းမီတာ အကျယ်အဝန်းရှိ မြေကွက်တွင် တန်(၁၀၀)ဆန့်အအေးခန်းစက်ရုံတည်ဆောက်ရန် အဆိုပြုခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ရည်ညွှန်းစာ(၁)ဖြင့် သဘောထားပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှအဆိုပါစက်လည်ပတ်နေခြင်းနှင့်ပတ်သက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထပ်မံတင်ပြလာပါသဖြင့်၊ အဆိုပါမြေနေရာတွင် အအေးခန်းလုပ်ငန်းဆောင်ရွက်ရန်သင့်/ မသင့်၊ လုပ်ငန်းမြေဧရိယာလုံလောက်မှုရှိ/ မရှိ၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုရှိ/ မရှိ၊ Waste Water Treatment ဆောင်ရွက်ထားရှိမှုစသည့် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိ/ မရှိတို့ကို စိစစ်ပြီးမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းစာ(၂)ဖြင့် သဘောထားထပ်မံတောင်းခံထားပါသည်။

၃။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ စက်ရုံလည်ပတ်ရေးနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ စိစစ်တွေ့ရှိသုံးသပ်ချက်အားအောက်ပါအတိုင်းပြန်လည်တင်ပြအပ်ပါသည်–

(က) ရတနာသိဂီကုမ္ပဏီလီမိတက်သည် တန်(၁၀၀)ဆန့် အအေးခန်းစက်ရုံအား စမ်းသပ်လည်ပတ်လျှက်ရှိကြောင်းစိစစ်တွေ့ရှိရပါသည်။

(ခ) ရတနာသိဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့် အအေးခန်းစက်ရုံ တည်ဆောက်မည့်မြေနေရာသည် စက်မှုဇုန်အတွင်းဖြစ်ပြီး၊ အအေးခန်းစက်ရုံလုပ်ငန်း ဆောင်ရွက်သင့်သည့်မြေနေရာဖြစ်ပါသည်။

(ဂ) လုပ်ငန်းမြေဧရိယာနှင့်စပ်လျဉ်း၍တည်ဆောက်မည့်စက်ရုံမြေဧရိယာသည် (၃၀၆၂.၀၈) စတုရန်းမီတာရှိခြင်းကြောင့် လုံလောက်မှုရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ စက်ရုံအရှေ့ဘက်တွင် သံမဏိအရည်ကျိုစက်ရုံနှင့် အအေးခန်းစက်ရုံတည်ရှိခြင်း၊ အနောက်ဘက်တွင် ပလတ်စတစ်စက်ရုံ၊ တောင်ဘက်တွင် အထည်ချုပ်စက်ရုံနှင့်ရေခဲစက်၊ မြောက်ဘက်တွင်ပေ (၈၀၀)ကွာဝေးသည့် နေရာတွင် စာသင်ကျောင်းရှိခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်ပါ။

(င) စာသင်ကျောင်းအနေဖြင့်လည်း အဆိုပါအအေးခန်းစက်ရုံ တည်ဆောက်ခြင်းအား ကန့်ကွက်မှုမရှိကြောင်းသိရှိရပါသည်။ ထို့အပြင်စာသင်ကျောင်းပတ်ဝန်းကျင်တွင်လည်း အနံ့အသက်မရှိစေရန် စက်ရုံမှ ထွက်ရှိသောရေဆိုးရေညစ်များစီးဆင်းနိုင်ရန်အတွက် ရေစီးရေလာကောင်းမွန်သည့်ကွန်ကရစ်ရေနုတ်မြောင်းဖောက်လုပ်ထားရှိပြီးရေနုတ်မြောင်းမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်း စီးဆင်းလျှက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(စ) Waste Water Treatment ဆောင်ရွက်ထားရှိမှုမှာ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပါသည်။

၃။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေနှင့်ရတနာသိဂီကုမ္ပဏီလီမိတက်၏ အအေးခန်းစက်ရုံဆောင်ရွက်ရန်အဆိုပြုချက်အပေါ်ကန့်ကွက်ရန် မရှိပါကြောင်းနှင့် ခွင့်ပြု ဆောင်ရွက်စေသင့်ပါကြောင်း ထပ်ဆင့်ထောက်ခံတင်ပြအပ်ပါသည်။

ဝန်ကြီး (ကိုယ်စား)

(ကျော်လွင်၊ ညွှန်ကြားရေးမှူးချုပ်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-...၆၃၇.../၂၀၀၃ ။ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ လ ၁၇ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ...ဦး အိုက်ယီ...

(ခ) အဘအမည် ...ဦး လူယီ...

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ...၁၃/နခန (နိုင်) ၀၃၃၆၉၉...

(ဃ) နေရပ်လိပ်စာ ...အမှတ် (၇၇)၊ ဈေးတန်း ရပ်၊ နမ့်ခမ်းမြို့နယ် ရှမ်းပြည် (မြောက်ပိုင်း)...

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း ...ရတနာသိင်္ဂီကုမ္ပဏီလီမိတက် (Yadanar Theingi Co., Ltd.)...

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ...တန် (၁၀၀) ဆန့်၊ အအေးခန်း စက်ရုံလုပ်ငန်း (ဓါးပုဇွန်ပြုပြင်ခြင်း၊ အေးခဲခြင်းနှင့်ထုတ်ပိုးခြင်းလုပ်ငန်း)...

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ...အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းပိုင်မြေ၊ အမှတ် (၁၀၅/၁၁၁) အမရာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့...

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ...(၁၃၄.၂၅) သန်း (ကျပ်တစ်ရာသုံးဆယ့်လေးသန်းနှစ်သိန်းငါးသောင်း)...

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

လျှို့ဝှက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၁၁/၂၀၀၃ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက်(Yadanar Theingi Co., Ltd) သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းပိုင် အမှတ်(၁) ပလပ်စတစ် စက်ရုံမြေဖြစ်သည့် အမှတ်(၁၀၅/၁၁၁)၊ အမရာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိမြေ (၀.၇၆)ဧက (၃၀၆၂.၀၈ စတုရန်းမီတာ)ကို ငှါးရမ်း၍ တန် (၁၀၀)ဆန် အအေးခန်း စက်ရုံလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၆-၂-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏(၄/၂၀၀၃)အစည်းအဝေးသို့တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၁၇-၇-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်သော ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၂၂/၂၀၀၃)အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေး သဘောတူညီချက်အရ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၄-၉-၂၀၀၃)နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၃၀/၂၀၀၃) အစည်းအဝေး သို့တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက် (Yadanar Theingi Co., Ltd)အား တန် (၁၀၀)ဆန် အအေးခန်း စက်ရုံလုပ်ငန်း ဆောင်ရွက် နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ- ၆၃၇/၂၀၀၃ ကို ထုတ်ပေး လိုက်သည်။

၂။ ရတနာသိင်္ဂီ ကုမ္ပဏီ လီမိတက်(Yadanar Theingi Co., Ltd)အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု/ ဝန်ဆောင်မှု လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက် များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာ ကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထား ရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့်နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေ ကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ (တစ်)နှစ်အတွင်း လုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၂(၁၈၁၉)။
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်။

အကြောင်းအရာ။ ။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့်အအေးခန်း တည်ဆောက်ရန် မြေငှားရမ်းခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၂၅-၄-၀၂) ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၂(၂၁၆-ဂ)

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၁-၆-၀၂) ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၂(၁၁၂၈-က)

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းပိုင်မြေကွက်တွင် ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့်အအေးခန်း တည်ဆောက်ရန်အဆိုပြုချက်တင်ပြခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအား ဖြည့်စွက်ပေးပို့ပါရန် ရည်ညွှန်း(၁)ပါစာဖြင့်အကြောင်းကြားခဲ့ပါသည်။

၂။ အဆိုပါကိစ္စအားပြန်လည်တင်ပြလာခြင်းမရှိပါသဖြင့် ဆောလျင်စွာပြန်လည်တင်ပြပါရန်(သို့မဟုတ်)ပြန်လည်ရုပ်သိမ်းလိုပါကလည်းပြန်လည်ရုပ်သိမ်းနိုင်ပါကြောင်းကော်မရှင်မှ ရည်ညွှန်း(၂)ပါစာဖြင့်ထပ်မံအကြောင်းကြားခဲ့ပါသည်။

၃။ သို့သော်အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ယနေ့တိုင်အကြောင်းပြန်ကြားလာခြင်းမရှိပါသဖြင့်အဆိုပြုလွှာကိုပြန်လည်ပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ဗိုလ်မှူးကြီးလင်းသော်၊ အထူးအရာရှိ)

ဝန်ကြီးရုံး၊
အမှတ်(၁)စက်မှုဝန်ကြီးဌာန။

မိတ္တူ - (၁) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း။
(၂) မန်နေဂျင်းဒါရိုက်တာ
ရတနာသိင်္ဂီကုမ္ပဏီလီမိတက်။

မသ*

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၂ (၂၁၆-၇)။
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်။

အကြောင်းအရာ။ ။ ရတနာသီရိကုမ္ပဏီလီမိတက်မှ တန် (၁၀၀) ဆန့်အအေးခန်း တည်ဆောက်ရန် မြေငှားရမ်းခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၂-၂-၂၀၀၂) ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၁ (၉၄၆၅)။

(၂) အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ (၂၅-၃-၂၀၀၂) ရက်စွဲပါစာအမှတ်၊ ၂၅/၁စဆန (၂၀၀၁-၂၀၀၂) (၂၂၂၅)။

၁။ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ် (၁) မှပိုင်ဆိုင်သောမြေကွက် [(၃၀၆၂.၀၇) စတုရန်းမီတာ] အား ရတနာသီရိ ကုမ္ပဏီလီမိတက်သို့ တန် (၁၀၀) ဆန့်အအေးခန်း တည်ဆောက်ရန်အဆိုပြုတင်ပြခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်မှ ရည်ညွှန်း (၁) ပါစာဖြင့်အကြောင်းပြန်ကြားခဲ့ပါသည်။ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ရည်ညွှန်း (၂) ပါစာဖြင့်ပြန်လည်တင်ပြလာခြင်းကိုလက်ခံရရှိခဲ့ပါသည်။

၂။ အမှတ် (၁) စက်မှုဝန်ကြီးဌာန၏တင်ပြချက်တွင် အောက်ဖော်ပြပါ အချက်များအား ရှင်းလင်းဖော်ပြရန်လိုအပ်ကြောင်း ပြန်ကြားအပ်ပါသည်။

(က) စက်များ စတင်စမ်းသပ်လည်ပတ်နေကြောင်းဖော်ပြထား၍ စက်ပစ္စည်းများ တင်သွင်းပြီးစီးမှုအခြေအနေကိုသွင်းကုန်လိုင်စင်/သွင်းကုန်ကြေငြာလွှာများတို့အား၍ ဖော်ပြပေးပါရန်၊

(ခ) ရတနာသီရိကုမ္ပဏီလီမိတက်သည် စက်ပစ္စည်းကိရိယာတန်ဖိုး US $ (၁၃၄၀၀၀) ကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Corporation - မှ Deferred Payment Loan Agreement on the basis of Buy - Back System

ဖြင့်ဝယ်ယူမည်ဖြစ်ကြောင်း အဆိုပြုချက် (PROPOSAL) တွင် ဖော်ပြထားပါသည်။ ယခုအခါအထက်အဖွဲ့အစည်းများ၏လမ်းညွှန်ချက်အရကော်မရှင်အနေဖြင့် Deferred Payment စနစ်ဖြင့်စက်ပစ္စည်းများ တင်သွင်းခြင်းကိုခွင့်မပြုတော့ပါ၊ သို့သော်စက်ပစ္စည်းများကိုပြည်တွင်းမှဝယ်ယူ၍ဆောင်ရွက်ခြင်း ၊ သို့မဟုတ်ကိုယ်ပိုင်နိုင်ငံခြားငွေ FE- earming ဖြင့်ပြည်ပမှတင်သွင်းခြင်းစသည့်နည်းလမ်းများဖြင့်လုပ်ငန်းဆောင်ရွက်နိုင်ပါသဖြင့်အဆိုပြုလွှာအားလိုအပ်သလိုပြင်ဆင်၍ပြန်လည်တင်ပြပေးပါရန်၊

(ဂ) မြေအသုံးချမှုပရိုဖိုင်ကြေး (L U P) ကိုနိုင်ငံတော်သို့ပေးသွင်းရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းပါရှိသော်လည်းငွေပမာဏနှင့်မည်ကဲ့သို့ပေးချေမည့်အစီအစဉ်ကို BOT စာချုပ် (မူကြမ်း) တွင်ဖော်ပြပေးပါရန်၊

၃။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါအချက်များအားဖြည့်စွက်၍ပြန်လည်ပြုစုပေးပို့ပါရန်အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

(ဗိုလ်မှူးကြီးလင်းသော်၊ အထူးအရာရှိ)

ဝန်ကြီးရုံး

အမှတ် (၁) စက်မှုဝန်ကြီးဌာန။

မိတ္တူ -

(၁) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ။

(၂) မန်နေဂျင်းဒါရိုက်တာ
ရတနာသိင်္ဂီကုမ္ပဏီလီမိတက်။

* ဌေး * ၂၄-၄-၂၀၀၂။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း ။ - ၂၅၂၇၅၆။

စာအမှတ် ရက - ၁/မ - ၆၁၁/၂၀၀၁ (၉၀၆၉ -)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

အကြောင်းအရာ။ ။ ရတနာသိဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀) ဆန့်အအေးခန်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြု တင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၄-၇-၂၀၀၁) ရက်စွဲပါစာအမှတ်၊ ရက - ၁/မ - ၆၁၁/၂၀၀၁ (၃၉၁၇ - ည)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ (၂၀-၆-၂၀၀၁) နေ့တွင်ကျင်းပသော ကော်မရှင်၏ (၂၁/၂၀၀၁) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်ကို ရည်ညွှန်း၍ [illegible] ခွင့်အကြောင်းကြားခဲ့ပါသည်။

၂။ သို့ရာတွင်ယခုအချိန်အထိပြန်လည်တင်ပြလာခြင်း မရှိကြောင်း [illegible] တွေ့ရှိ [illegible] ဆောင်ရွက်ပေးနိုင်ပါရန်အကြောင်းကြားအပ်ပါသည်။

အမိန့်အရ -

(သိန်းထင်)
ဒုတိယညွှန်ကြားရေးမှူးချုပ်

ဦး အဖွဲ့မှူး
အမှတ်(၁) စက်မှုဝန်ကြီးဌာန။

မိတ္တူ - ၁။ ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်ဓါတုပစ္စည်းလုပ်ငန်း။

၂။ မန်နေးဂျင်းဒါရိုက်တာ
ရတနာသိဂီကုမ္ပဏီလီမိတက်။

ဝင်း / *

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က - ၁/မ - ၆၁၁/၂၀၀၁(၃၉၅၇-၃၉)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်။

သို့

ဝန်ကြီး

အမှတ်(၁)စက်မှုဝန်ကြီးဌာန

အကြောင်းအရာ။ ။ ရတနာသီဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့် အအေးခန်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

ရည်ညွှန်းချက်။ ။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏(၁၄-၇-၉၉)ရက်စွဲပါ စာအမှတ်၊ ၄၁/၁စ(၁)(၃၃၅၁)/၉၉(၄၁၂၀)။

၁။ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်း လက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ်(၁)အား ရတနာသီဂီကုမ္ပဏီလီမိတက်မှ ငှားရမ်း၍ တန်(၁၀၀) ဆန့်အအေးခန်း စက်ရုံတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စကို(၂၀-၆-၂၀၀၁) နေ့တွင်ကျင်းပပြုလုပ်သော ကော်မရှင်(၂၁/၂၀၀၁ ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

- အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်အတွက်မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းမှနှစ်ရှည်မြေငှားရမ်းလိုပါက BOT စနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်း နှင့်ပြန်လည်ညှိနှိုင်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့တင်ပြရန်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ရက - ၁/ မ - ၆၁၁/၂၀၀၁ (၁၁၂၄-ခ)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၆ ရက်။

အကြောင်းအရာ။ ။ ရတနာသီရိကုမ္ပဏီလီမိတက်မှ တန် (၁၀၀) ဆန့် အအေးခန်းစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ (၁) အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ (၁၄-၇-၉၉) ရက်စွဲပါစာအမှတ်၊ ၄၁/၁၁ (၁)(၃၃၅၅)/ ၉၉ (၄၅၂၀)။

(၂) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၂-၅-၂၀၀၁) ရက်စွဲပါစာအမှတ်၊ ၄၀/ခွဲ-၃/၂၀၀၁ (ဇီ ၁၁၅၇)

၁။ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံအမှတ် (၁) ၌ မြေကွက်အား ရတနာသီရိကုမ္ပဏီလီမိတက်သို့ ငှားရမ်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ရည်ညွှန်း (၁) ပါစာဖြင့်တင်ပြခြင်းကိစ္စကို (၂၁-၇-၂၀၀၀) နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင်၏ (၂၄/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးမှ အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ပါသည်။

- မြေငှားရမ်းခအားလုံး နိုင်ငံတော်သို့ ပေးသွင်းပါက လုပ်ငန်းသက်တမ်း (၁၅) နှစ် (တစ်ဆယ့်ငါးနှစ်တိတိ) ခွင့်ပြုရန်
- မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်ပြန်လည်တင်ပြရန်၊

၂/-

၂။ ယခုဆောက်လုပ်ရေးဝန်ကြီးဌာနမှ သဘောထားကို ရည်ညွှန်း (၂) ပါစာဖြင့် ၎င်းကော်မရှင်သို့ ပြန်ကြားထားပြီး မိတ္တူကို ဝန်ကြီးရုံး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ ပေးပို့ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်ဆုံးဖြတ်ချက်နှင့်အညီ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ကော်မရှင်သို့ ပြန်လည်တင်ပြရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ဗိုလ်မှူးကြီး လင်းသော်၊ အထူးအရာရှိ)

<u>ရုံးအဖွဲ့များ</u>

<u>အမှတ် (၁) စက်မှုဝန်ကြီးဌာန။</u>

မိတ္တူကို - ၁။ ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊

၂။ မန်နေဂျင်းဒါရိုက်တာ
ရတနာသိင်္ဂီကုမ္ပဏီလီမိတက်။

* ကျော် ၅၆၂၀၀၁။

R-၁၃၁၄
၁၁/၅

348
14/5

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၄၈/ခွဲ-၃/၂၀၀၁ (စီ ၁၁၅၇)
ရက် စွဲ၊ ၂၀၀၁ခုနှစ် မေလ ၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ **ရတနာသီဂီကုမ္ပဏီလီမိတက်မှ တန်(၁၀၀)ဆန့် အအေးခန်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလိုခြင်းကိစ္စ**

ရည် ညွှန်း ချက်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ၂၀၀၁ခုနှစ် ဇန်နဝါရီလ(၁၆)ရက်နေ့စွဲပါစာအမှတ်၊ ၇/၁၈(၁)(၈၈)/၂၀၀၁ (၃၁၇)

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းအနီးရှိပလပ်စတစ်စက်ရုံအမှတ်(၁)ပိုင် ဧရိယာ(၃၀၆၂.၁၈)စတုရန်းမီတာ (၀.၇၆)ဧကကိုရတနာသီဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့်အအေးခန်းကည်ဆောက်ရန်မြေငှားရမ်းမည့်ကိစ္စ အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ပေးပါရန် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည် ။

၂။ အဆိုပြုမြေကွက်သည် မြောက်ဥက္ကလာပ စက်မှုဇုန်အတွင်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ပလပ်စတစ်စက်ရုံ အဝန်းအဝိုင်းမှဖြစ်ပြီး ပလပ်စတစ် စက်ရုံ မြေဧရိယာ (၄.၈၅၃)ဧက အနက်မှ (၀.၇၆)ဧက(၃၀၆၂.၁၈စတုရန်းမီတာ)ကို ငှားရမ်းရန်ဖြစ်ကြောင်းနှင့် ယင်းမြေပေါ်တွင် ၃၀၀'× ၂၀၀'အာရ်စီနှစ်ထပ်အဆောက်အအုံဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည် ။

၃။ အဆိုပြုမြေနေရာ၏ အရှေ့ဘက်တွင်ဝေဇယန္တာလမ်း၊ အနောက်ဘက်တွင်အထည်ချုပ်လုပ်ငန်း ဆောင်ရွက်နေသော မြေကွက်အမှတ်(၁၁၂)၊ တောင်ဘက်တွင် အမယာလမ်းနှင့် မြောက်ဘက်တွင်ပလပ်စတစ် စက်ရုံအမှတ်(၁)တို့ တည်ရှိကြောင်းလည်းသိရှိရပါသည် ။

၄။ အဆိုပြုမြေနေရာ၌ရတနာသီဂီကုမ္ပဏီလီမိတက်မှတန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး၊ စွန့်ပစ်ရေများကိုအနယ်စစ်ဇကာများ၊ အနယ် ထိုင်ကန်များ (Oxidation Tank) များဖြင့် စနစ်တကျသန့်စင်စေပြီးမှ စွန့်ပစ်သွားမည့်အစီအစဉ်များထားရှိ ဆောင်ရွက်မည်ဖြစ်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနမှလည်း ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ငါးလုပ်ငန်းဦးစီး မှလည်း စက်ရုံလည်ပတ်ခွင့်ပြုထားပြီး ဖြစ်ကြောင်းသိရှိရပါသည်။

၅။ သို့ပါ၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ပလပ်စတစ်စက်ရုံ အမှတ်(၁)ပိုင်မြေဧရိယာအဝန်းအဝိုင်းအတွင်းမှ မြေကွက်ပေါ်တွင် ရတနာသီဂီကုမ္ပဏီလီမိတက်မှ တန် (၁၀၀)ဆန့် အအေးခန်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအား ခွင့်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည် ။

ဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို
- အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး ။
- ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

-/အိ**

လျှို့ ဝှက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ် ၊ရက-၁/မ-၆၁၁/၂၀၀၀ (၂၈၉၀-၈၃)၊
ရက်စွဲ ၊၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်။

သို့/ -

ဝန်ကြီး
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

အကြောင်းအရာ။ ။ <u>ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှတန် (၁၀၀) ဆန့်အအေးခန်း စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ (၁) အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ (၁၄-၇-၉၉) ရက်စွဲပါစာအမှတ်၊ ၄၁/၁၈ (၁) (၃၃၅၅) /၉၉ (၄၅၂၀)

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၇-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၆၁၁/၂၀၀၀ (၁၈၂၄-၈)။

၁။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှတန် (၁၀၀) ဆန့်အအေးခန်းစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတင်ပြခြင်းကိစ္စကို (၂၁-၇-၂၀၀၀) နေ့တွင်ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၄/၂၀၀၀) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အား အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့ ရည်ညွှန်း (၂) ပါစာဖြင့်အကြောင်းကြားခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီပြန်လည်တင်ပြလာခြင်းမရှိသေးပါသဖြင့် ဆောလျင်စွာ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ

မိတ္တူကို - (၁) ညွှန်ကြားရေးမှူးချုပ်
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။
(၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့အေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း။
(၃) မန်နေဂျင်းဒါရိုက်တာ
ရတနာသိင်္ဂီကုမ္ပဏီလီမိတက်။

* ဗိန် ၁၀-၁၊-၁၀၀၀။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း-၂၅၂၇၅၆

စာအမှတ်၊ ရက-၁/မ ၆၁၁/၂၀၀၀(၁၈၂၄ - ၈)

ရက်စွဲ ၊ ၂၀၀၀ပြည့်နှစ် ဇူလိုင်လ ၂၉ ရက်

သို့

ဝန်ကြီး

အမှတ်(၁)စက်မှုဝန်ကြီးဌာန

အကြောင်းအရာ။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှတန် (၁၀၀)ဆန့် အအေးခန်းစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ

ရည်ညွှန်းချက်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ (၁၄-၇-၁၉၉၉) ရက်စွဲပါ စာအမှတ်၊ ၄၁/၁၈(၁)(၃၃၅၅)/၉၉(၄၅၂၀)

၁။ အမှတ် (၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိ ပလတ်စတစ်စက်ရုံ အမှတ်(၁)ရှိမြေကွက်အား ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ ငှားရမ်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီး ဌာန၏ အထက်ရည်ညွှန်းပါစာဖြင့် တင်ပြခြင်းကိစ္စကို (၂၁-၇-၂၀၀၀)နေ့ တွင်ကျင်းပပြုလုပ်သော ကော်မရှင်၏ (၂၄/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပါအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

- မြေငှားရမ်းခအားလုံးနိုင်ငံတော်သို့ပေးသွင်းပါကလုပ်ငန်းသက်တမ်း(၁၅)နှစ်(တစ်ဆယ့်ငါးနှစ်တိတိ) ခွင့်ပြုရန်။
- မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့် ပြန်လည်တင်ပြရန်။

၃။ သို့ဖြစ်ပါ၍အထက်ပါဆုံးဖြတ်ချက်ကို သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

(ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယ ဥက္ကဋ္ဌ)

မိတ္တူကို-

(၁) ညွှန်ကြားရေးမှူးချုပ်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

(၃) မန်နေးဂျင်းဒါရိုက်တာ
ရတနာသိင်္ဂီကုမ္ပဏီလီမိတက်

(ခ) နိုင်ငံတော်၏ ရေထွက်ပစ္စည်း အရည်အသွေး မြှင့်တင်ရေး အတွက် လိုအပ်လျက်ရှိသော အအေးခန်း စက်ရုံတည်ဆောက်ရန်ဖြစ်သဖြင့် နိုင်ငံထွက် ရေထွက်ပစ္စည်း များ အား ကမ္ဘာ့ရောင်းတန်းဝင် ရေထွက်ပစ္စည်းများ အဖြစ် ပြုပြင်ထုပ်ပိုး၍ ပြည်ပသို့တန်ဖိုး မြင့် ပစ္စည်း တင်ပို့ရောင်း ချနိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်း ဖြင့် နိုင်ငံတော်၏ ပို့ကုန်ပမာဏနှင့်တန်ဖိုး ပါ တိုးတက်ရရှိ လာစေမည်ဖြစ်ပါသည်။ ၎င်းအပြင် ပြည်ပတင်ပို့ရောင်းချခြင်း မှ ရရှိသည့်နိုင်ငံခြားငွေ (Export Proceeds)အပေါ်တွင် နိုင်ငံတော်မှ ကောက်ခံရယူသည့် အခွန်အခရရှိမည်ဖြစ်ပါသော ကြောင့် နိုင်ငံတော်အတွက်လည်း နိုင်ငံခြား ဝင်ငွေပါ တိုးတက်ရရှိလာမည် ဖြစ်ပါသည်။

(ဂ) တည်ဆောက်မည့်အအေးခန်း စက်ရုံသည် အမိုးနီးယား ဓါတ် ငွေ့သုံး နိုင်ငံတကာအဆင့်ရှိ စက်ရုံဖြစ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်း မှု ကို ကာကွယ်ရန်အတွက်၊ ရေဆိုး ပြန်လည်သန့်စင်စက် (Waste Water Treatment Plant)တစ်ဆင့်အသုံး ပြုမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူနှင့်ကိုက်ညီမှုရှိပါသည်။

(ဃ) ကုမ္ပဏီအနေဖြင့် ပြည်ပဈေး ကွက်ရရှိပြီး ဖြစ်၍ ထုတ်လုပ်သည့်အရည်အသွေး မီ ငါး/ပုစွန်များ ကို ပြည်ပတင်ပို့ ပိုမိုရောင်း ချမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ပပို့ကုန် စံချိန် စံညွှန်း စီစစ်ရန်အတွက်၊ ငါး လုပ်ငန်း ဦး စီး ဌာန၏ အရည်အသွေး ဆိုင်ရာ စစ်ဆေး မှုကို ခံယူရန် လိုအပ်ပါသည်။

(င) အအေး ခန်း စက်ရုံတည်ဆောက်ပြီး ငါး/ပုစွန် ပြုပြင် ထုတ် လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ငါးဝယ်ယူခြင်း၊ ပြုပြင် ထုတ်လုပ်ခြင်း နှင့်ပတ်သက်၍ တည်ဆဲငါး လုပ်ငန်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း များ နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

(စ) တည်ဆောက်မည့်စက်ရုံ မြေနေရာသည် နိုင်ငံတော်မှ ခွင့်ပြုနိုင်မည့် မြေနေရာဖြစ်ရန် လိုအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၄၁/၁စ(၁)(၃၃၅၁)/၉၉(၄၅၂၀)
ရက်စွဲ၊ ၁၉၉၉ ခုနှစ် ဇူလိုင်လ 25 ရက်

အကြောင်းအရာ။ <u>ပလတ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေအားငှားရမ်းခွင့်ပြုပါရန်ကိစ္စ</u>

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သုခမ္ဘာလမ်း အနီးရှိပလတ်စတစ်စက်ရုံအမှတ်(၁)၏ မြေဧရိယာ(၃၀၆၂.၁၈)စတုရန်းမီတာအကျယ်အဝန်းရှိသည့်မြေကွက်အား ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၂၈၆)မြေညီထပ်ရှိ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ တန်(၁၀၀)ဆန့်အအေးခန်းတည်ဆောက်ရန်အတွက် တစ်နှစ်လျှင်ငှားရမ်းခငွေကျပ်၁၄၀၀၀၀၀/-ဖြင့်ကနဦး(၁၅)နှစ်ငှားရမ်းပြီး ငှားရမ်းကာလကုန်ဆုံးပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍(၅)နှစ်တစ်ကြိမ်သက်တမ်းတိုးမြှင့်ဆောင်ရွက်လိုပါသည်။

၂။ ပလတ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေကွက်၏အကျယ်အဝန်းမှာ ဧရိယာ(၃၀၆၂.၁၈)စတုရန်းမီတာရှိသည့်အတွက် တစ်နှစ်လျှင်ငွေကျပ်၁၄၀၀၀၀၀/-နှုန်းဖြင့်ငှားရမ်းပါက မြေတစ်စတုရန်းမီတာလျှင်တစ်နှစ်ငှားရမ်းခငွေကျပ် ၄၅၇.၁၉/-ကို မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ ရရှိမည်ဖြစ်ပါသည်။

၃။ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်အနေဖြင့် တန်(၁၀၀)ဆန့်အအေးခန်းအဆောက်အအုံကို ၎င်းတို့စရိတ်ဖြင့်တည်ဆောက်အသုံးပြုမည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံး၍ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့သည့်အခါသို့မဟုတ်၊ စာချုပ်အားရပ်စဲသည့်အခါ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ အပြီးအပိုင်ရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် အအေးခန်းဆိုင်ရာစက်ပစ္စည်းကိရိယာများကိုမူ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်မှ ဖြုတ်ယူသွားပါမည်။

၄။ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအနေဖြင့် ပလတ်စတစ်စက်ရုံအမှတ်(၁)ပိုင်မြေကွက်အား ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ စာချုပ်ချုပ်ဆို၍ငှားရမ်းနိုင်ရေးအတွက် စာချုပ်မူကြမ်းကို ရှေ့နေချုပ်ရုံးသို့ပေးပို့ပြီး၊ ရှေ့နေချုပ်ရုံး၏သဘောထားမှတ်ချက်နှင့်အညီ စာချုပ်မူကြမ်းများကို ပြုစုပြီးဖြစ်ပါသည်။

စာချုပ် (မူကြမ်း) ကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ ရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်ကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ပူးတွဲတင်ပြအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပလတ်စတစ်စက်ရုံအမှတ် (၁) ပိုင် မြေဧရိယာ (၃၀၆၂.၁၈) စတုရန်းမီတာအား ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ တစ်နှစ်ငှားရမ်းခ ငွေကျပ် ၁၄၀၀၀၀၀ိ/- နှုန်းဖြင့် (၁၅) နှစ်ငှားရမ်းခွင့်ပြုပါရန်တင်ပြအပ်ပါသည်။

၂၄/၁/၈၈

ဝန်ကြီး ( )

(တင်လှိုင်၊ ညွှန်ကြားရေးမှူးချုပ်)

၂၄/၁/၈၈

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>

မိတ္တူကို -

ညွှန်ကြားရေးမှူးချုပ်
စက်မှုညွှန်ကြားရေး ဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

ဇေါင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ် (၁) စက်မှုဝန်ကြီးဌာန

စာအမှတ် ၇/၁၈ (၁)/ ၂၀၀၀ (၃၀၄၄)

ရက်စွဲ၊ ၂၀၀၀၊ ပြည့်နှစ် ဇွန် လ ၇ ရက်။

အကြောင်းအရာ။ **ပလတ်စတစ်စက်ရုံအမှတ်(၁) ပိုင် မြေ ၃၀၆၂.၁၈ စတုရန်းမီတာအား ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ငှား ရမ်းထားခြင်းကိစ္စ**

ရည်ညွှန်းချက်။ ဤဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့စွဲပါစာအမှတ်၊ ၄၁/၁၈ (၁)(၃၃၅၅)/ ၉၉(၄၅၂၀)

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ၊ ပလတ်စတစ်စက်ရုံအမှတ်(၁) ပိုင်ဧရိယာ(၃၀၆၂.၁၈) စတုရန်းမီတာအကျယ်အဝန်းရှိ မြေကွက်အား၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း အမှတ်(၂၈၆) မြေညီထပ်ရှိ ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ တစ်နှစ်လျှင်ငှားရမ်းခ ငွေကျပ် ၁၄,၀၀,၀၀၀/-ဖြင့် ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ ကနဦး (၁၅) နှစ်ငှားရမ်းကာလအား (၅) နှစ်တစ်ကြိမ်သက်တမ်းတိုး၍၊ ငှားရမ်းခွင့်ပြုပါရန်အတွက် ရည်ညွှန်းစာဖြင့်တင်ပြခဲ့ပါသည်။

၂။ အဆိုပါကိစ္စအား ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (အထူး ၁၀/၉၉) ကြိမ် မြောက်အစည်းအဝေး မှ အတည်ပြုခဲ့ပါသည်။

၃။ ထို့ကြောင့် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအနေဖြင့် အဆိုပါမြေကွက်အား ရတနာသိင်္ဂီကုမ္ပဏီလီမိတက်သို့ တစ်နှစ်လျှင်ငှားရမ်းခ ငွေကျပ် ၁၄၀၀၀၀၀ိ/-နှုန်းဖြင့် ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ (၅) နှစ်စာချုပ် ချုပ်ဆို ငှားရမ်းခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပလတ်စတစ်စက်ရုံအမှတ် (၁) ပိုင် မြေဧရိယာ (၃၀၆၂.၁၈) စတုရန်း မီတာရှိ မြေကွက်အား ရတနာသီဂီကူ မူကီလီမီတက်သို့ငှား ရမ်း ထား ခြင်း မှာ မှန်ကန်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

ဝန် ကြီး ( )

(တင်လှိုင် ၊ ညွှန်ကြား ရေး မှူး ချုပ်)

မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှု ကော်မရှင်

မိ တ္တူ ကို -

ဦး ဆောင်ညွှန်ကြား ရေး မှူး

မြန်မာ့ ဆေး ဝါး နှင့်အိမ်သုံး ပစ္စည်း လုပ်ငန်း

ရတနာသီဂီကူ မူကီလီမီတက်

ဧ၃/ * * *

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ရက - ၁ / မ - ၆၁၁ / ၂၀၀၁ (၉၄၆၅)
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်။

အကြောင်းအရာ။ ။ ရတနာသီဟိုကုမ္ပဏီလီမိတက်မှ တန် (၁၀၀) ဆန့်အအေးခန်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် မြေငှါးရမ်းခြင်း ကိစ္စ။

ရည်ညွှန်းချက်။ ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၉ - ၇ - ၂၀၀၀) ရက်စွဲပါစာအမှတ်၊ ရက - ၁/ မ - ၆၁၁ / ၂၀၀၀ (၁၈၂၄ - ဇ)။
(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၄ - ၇ - ၂၀၀၁) ရက်စွဲပါစာအမှတ်၊ ရက - ၁ / မ - ၆၁၁ / ၂၀၀၁ (၃၉၅၇ - ည)။
(၃) အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ (၂၇ - ၁၂ - ၂၀၀၁) ရက်စွဲပါစာအမှတ်၊ ၂၅ / ၁စဘန (၂၀၁၁ - ၂၀၀၂) (၁၇၃၆)။

၁။ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလလမ်း အနီးတွင် တည်ရှိသည့်အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါး နှင့်အိမ်သုံး ပစ္စည်းလုပ်ငန်းကြီး ကြပ်မှုအောက်ရှိ (၃၀၆၂.၀၈) စတုရန်းမီတာအကျယ်အဝန်း ရှိ မြေကွက်အား ရတနာသီဟိုကုမ္ပဏီလီမိတက်မှ ငှါး ရမ်း၍ တန် (၁၀၀) ဆန့်အအေး ခန်း တည် ဆောက်ရန် အတွက်အဆိုပြုတင်ပြလာခြင်း နှင့်စပ်လျဉ်း၍ (၂၈ - ၆ - ၂၀၀၁) နေ့တွင်ကျင်း ပသော ကော်မရှင်၏ (၂၁ / ၂၀၀၁) အစည်းအဝေး မှနှစ်ရှည်ငှါး ရမ်း လိုပါက B O T စနစ် ဖြင့် ဆောင်ရွက်သင့် ကြောင်း နှင့်ပြန်လည်ညှိနှိုင်း ပြီး ကော်မရှင်သို့ပြန်လည်တင်ပြရန် ဆုံး ဖြတ်ခဲ့ပါသည်။

၂။ ယခုအခါအမှတ် (၁) စက်မှုဝန်ကြီး ဌာန မှ ရည်ညွှန်း (၃) ပါစာ ဖြင့် B O T စနစ် မြေငှါး ရမ်း ခြင်း သဘောတူစာချုပ် (မူကြမ်း) နှင့် ရှေ့နေချုပ် ရုံး သဘောထား မှတ်ချက်တို့တင်ပြလာခြင်း ကိုလက်ခံ ရရှိပါသည်။

၂၁/၇/၁၉၉၉   ၂၄/၁၉၉၉

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ
(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ)

၁	ကုမ္ပဏီအမည်	ရတနာသိင်္ဂီကုမ္ပဏီလီမိတက် (Yadanar Theingi Co., Ltd.) (၅-၁၁-၉၂ နေ့တွင်ကုမ္ပဏီမှတ်ပုံတင်ပြီး)
၂	လုပ်ငန်းအဆိုပြုသူအမည်	ဦး အုံကယ်
၃	အဆိုပြုလုပ်ငန်းအမျိုးအစား	တန်(၁၀၀)ဆန့်အအေးခန်း စက်ရုံတည်ဆောက်ခြင်း လုပ်ငန်း
၄	တည်နေရာ	အမှတ်(၁၀၅/၁၁၁)၊ အမရာလမ်း စက်မှုလက်မှုရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့
၅	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	<u>ကျပ်၉၀.၈၀သန်း</u> (US$ ၀.၁၃၄သန်း အပါအဝင်)
	- ငွေပမာဏ	ကျပ်၄၀.၇၄သန်း
	- စက်ပစ္စည်းကိရိယာ	ကျပ်၁၉.၅၄သန်း (US$ ၀.၁၃၄သန်းအပါအဝင်)
	- အဆောက်အဦ	ကျပ်၃၀.၀၀သန်း
	- ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်း	ကျပ် ၀.၅၂သန်း
၆	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	(၀.၇၆)ဧက (၃၀၆၂.၁၈စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ပိုင်ပလပ်စတစ်စက်ရုံ အမှတ်(၁)မြေ
	- မြေငှားရမ်းကာလ	~~(၁၅)~~နှစ် ~~[illegible]~~ ~~(၁-၉-၁၉၉၉ မှ ၃၁-၈-၂၀၁၄ ထိ)~~
	- မြေငှားရမ်းခ	တစ်နှစ်ကျပ်(၁.၄၀)သန်း (၁စတုရန်းမီတာလျှင် တစ်နှစ်၄၅၇.၁၉ကျပ်နှုန်း)

၇	ထုတ်လုပ်မှု (ပုံမှန်နှစ်)	ထုတ်လုပ်မှု	ဝန်ဆောင်မှု
	အအေးခန်းစက်ပို	(မက်ထရစ်တန်)	(မက်ထရစ်တန်)
	- ငါး	၂၁၆၀	၃၀၀၀
	- ပုစွန်	၁၀၈	၆၀၀
၈	ရောင်းချမည့်နည်းစနစ်		
	- ပြည်တွင်း	၃၀ %	
	- ပြည်ပ	၇၀ %	
၉	ရောင်းဈေးနှုန်း (ပုံမှန်နှစ်)	ပြည်တွင်း (ကျပ်ထောင်ပေါင်း/မတန်)	ပြည်ပ (US$/MT)
	- ငါး	၂၈၀	၁၀၀၀
	- ပုစွန်	၁၈၁၀	၁၂၀၀၀
၁၀	ဝန်ဆောင်ခနှုန်း	ကျပ်(၀၀၀)/မတန်	
	- ငါး	၈၀	
	- ပုစွန်	၈၃	
၁၁	ဝင်ငွေ (ပုံမှန်နှစ်)		
	- နိုင်ငံခြားငွေဖြင့်	US$ ၂.၃၈ သန်း	
	- ကျပ်ငွေဖြင့်	ကျပ် ၂၃၄.၃၆ သန်း	
၁၂	အသားတင်အမြတ် (ပုံမှန်နှစ်)		
	- နိုင်ငံခြားငွေဖြင့်	US$ ၁.၈၉ သန်း	
	- ကျပ်ငွေဖြင့်	ကျပ် ၁၁.၆၇ သန်း	
၁၃	အရင်းကြေကာလ	(၃)နှစ်နှင့်(၆)လ	
၁၄	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	(၂၂.၄၂)ရာခိုင်နှုန်း	

၁၅	နိုင်ငံတော်မှ ပုံမှန်နှစ်စဉ်ရရှိမည့် အကျိုးအမြတ်	
	- ဝင်ငွေခွန်	US$ ၀.၃၄ သန်း
	[illegible]	ကျပ် ၄.၉၉ သန်း
	- မြေငှားရမ်းခရငွေ	ကျပ် ၁.၄၀ သန်း
	- ကုန်သွယ်လုပ်ငန်းခွန် (ပြည်ပရောင်းရငွေပေါ် ၁၀ %)	US$ ၀.၂၆ သန်း
၁၆	တည်ဆောက်မှုကာလ	(၃)လ
၁၇	ဝန်ထမ်းအင်အား	၅၀ ဦး
	- ပြည်တွင်း	၄၅ ဦး
	- ပြည်ပ	၅ ဦး
၁၈	အခြား	- စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Yunnan Machinery & Equipment Import & Export Corp: မှ Buy Back စနစ်ကို အခြေခံ၍ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် အကြိုးမဲ့ရယူမည်ဖြစ်ပြီး (၂)နှစ်အတွင်း ပြန်လည်ပေးဆပ်မည်ဖြစ်ပါသည်။ - စက်ပစ္စည်းစာရင်းကို ပူးတွဲတင်ပြထားပါသည်။ - အဆိုပြုမြေငှားရမ်းခြင်းကိစ္စကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (အထူး ၁၀/၉၉) အစည်းအဝေး မှတ်တမ်းအရ မီတာတစ်ချောင်းလျှင်တစ်နှစ်ကျပ် (၄၅၇.၀၈) နှုန်းဖြင့်ငှားရမ်းရန်၊ ငှားရမ်းကာလကိုလုပ်ကိုင်မည့်လုပ်ငန်းအနေဖြင့် ကော်မရှင်သို့တင်ပြလာသည့်အခါသတ်မှတ်ရန်၊ ငှားရမ်းခ၏ ၂၅ %ကို နိုင်ငံတော်၊ ၇၅ %ကိုသက်ဆိုင်သည့်ဌာနက ရန်ပုံ ဖြတ်ခဲ့ပါသည်။ (သို့ပါ၍ ဝန်ထမ်းသက်သာအနေဖြင့်ငှားရမ်းခွင့်

ပြုခြင်း ကို ယခုတင်ပြပါလုပ်ငန်း အတွက် ၁၅ နှစ်ငှား ရမ်း နှင့်ကို စဉ်းစားသင့်ပါသည်၊

-ငှားရမ်းနှုန်းထားများကို (၁) နှစ်ကုန်ဆုံးပြီးတိုင်း ၊ ယခင်ငှားရမ်းခ၏ (၁၅) ရာခိုင်နှုန်းထက်မပိုဘဲပြန်လည်ညှိနှိုင်းမည်ဖြစ်ပါသည်။
(မြေငှားစာချုပ်အပိုဒ်-၄)

-ရတနာသီဂီကုမ္ပဏီလီမိတက်သည်အငှားချထားသည့် မြေကိုတစ်ဆင့်ပြန်လည်ငှားရမ်းခြင်း ပေါင်နှံခြင်း ၊ ရောင်းချခြင်း ၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း ၊ အသုံးပြုခွင့်ပေးခြင်း ၊ ကြွေးမြီတင်ရှိစေခြင်း မပြုလုပ်ရန် ဖော်ပြထားပါသည်။
[မြေငှားစာချုပ်အပိုဒ်၆ (ဆ)]

-မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ [illegible]ဖြင့်သဘောတူခွင့်ပြုချက်အရဆောက်လုပ်ထားသည့် အဆောက်အဦများကိုပြန်လည်ဖျက်ယူသွားနိုင်ခွင့်မရှိဘဲ မူလဆောက်လုပ်ထားသည့်အခြေအနေအတိုင်း အဖိုးစားနားမယူဘဲထားခဲ့၍ အအေးခန်းဆိုင်ရာစက်ပစ္စည်းကိရိယာများကိုဖျက်ယူသွားနိုင်ကြောင်း ဖော်ပြထားပါသည်။
[မြေငှားစာချုပ်အပိုဒ်၆ (လ)]

-ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး ပြည်ပတင်ပို့ရန်ဈေးကွက်ရှိပြီးဖြစ်ကြောင်း ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက်ကြိုတင်ကာကွယ်မှုများပြုလုပ်ထားမည်ဖြစ်ကြောင်း ၊ ချေးငွေရယူခြင်းသည်နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိဘဲလုပ်ငန်းမှရရှိသည့်နိုင်ငံခြားငွေဖြင့်သာပေးဆပ်မည်ဖြစ်ကြောင်း ၊ မြေယာနှင့်

ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းချက်များ ကိုလိုက်နာမည်ဖြစ်ကြောင်း ၊ လုပ်ငန်းအသစ်ဖြစ် ကြောင်း ဝန်ခံကတိပြုထားပါသည်။

- ငွေကြေးဆိုင်ရာအထောက်အထားအဖြစ် ရတနာ သိင်္ဂီကုမ္ပဏီလီမိတက်၏ ငွေကြေးနိုင်မှုရှိကြောင်း (၂၀-၆-၂၀၀၀) နေ့ အာရှဝေါဘဏ်လီမိတက်၏ ထောက်ခံစာကိုတင်ပြထားပါသည်။

- မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တည် ဆောက်မည့်စက်ရုံမြေနေရာသည် နိုင်ငံတော်မှခွင့် ပြုနိုင်မည့်မြေနေရာဖြစ်ရန်လိုအပ်ကြောင်း ၊ အဆို ပြုလုပ်ငန်းအား ကန့်ကွက်ရန်မရှိကြောင်းနှင့် ခွင့် ပြုဆောင်ရွက်စေသင့်ကြောင်း သဘောထားပြန် ကြားလာပါသည်။

- ပူးတွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြု ရန် လျှောက်ထားလာပါသည်။